မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၂)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၇)ဦး တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **ညောင်ဦးခရိုင်တွင် ကညနရုံးခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ဆိုင်ကယ်များကို လိုင်စင်ထုတ်ပေးရန်၊ ဥပဒေအရ တရားဝင်စီးနင်းခွင့်ပြုရန်၊ တရားမဝင်သယ်ဆောင်၊ ရောင်းချခြင်းကိုဖမ်းဆီးရန်နှင့် တရားဝင်တင်သွင်းခွင့်နှင့် ရောင်းချခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ညောင်ဦးခရိုင်တွင် ကညနရုံးခွဲတစ်ခုဖွင့်လှစ်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ရုံးတစ်ရုံးဖွင့်လှစ်ရန်အတွက် လိုအပ်သောဖွဲ့စည်းပုံနှင့်ဝန်ထမ်းအင်အားသည် ပြည်ထောင်စု၏ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)ခွင့်ပြုငွေများ ရရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ဘတ်ဂျက်ခွင့်ပြုချက်၊ ဝန်ထမ်းအင်အားခွင့်ပြုချက်များရရှိပါက ရုံးဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ စည်းကမ်းဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ပူးပေါင်းလျက် (၅-၆-၂၀၁၂)ရက်နေ့မှ စတင်၍ *စာမျက်နှာ ၆ ကော်လံ ၁* ❍

အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀) တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ် (၂)ခု တင်သွင်းခြင်းနှင့် ဒုတိယသမ္မတ တင်မြှောက်ရေးအတွက် စိစစ်ရေးအဖွဲ့ဝင်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

<u>ပြန်လည်ဖြေကြား</u>

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **အကျင့်ပျက်ဝန်ထမ်း အရေးယူမှုများကို အများသိရှိစေရန် သတင်းထုတ်ပြန်ပေးရေး** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်အစိုးရသည် အကျင့်ပျက်ဝန်ထမ်းများကို စိစစ်ဖော်ထုတ်ပြီး အရေးယူမှုများကို ပြည်ထောင်စုဝန်ကြီးဌာနများအတွင်း အမိန့်ကြေညာစာထုတ်ပြန်၍ အငြိမ်းစားယူစေခြင်း၊ အလုပ်မှရပ်စဲထုတ်ပယ်ခြင်း၊ ရာထူးနှင့် နှစ်တိုးလစာလျှော့ချခြင်း၊ ဝေးလံသောဒေသများသို့ပြောင်းရွှေ့စေခြင်း၊ မှတ်တမ်းတင်သတိပေးခြင်းများပြုလုပ်ခဲ့ပြီး ကြီးလေးသည့် ပြစ်မှုများအတွက် သက်ဆိုင်ရာတရားရုံးများမှ ထောင်ဒဏ်သတ်မှတ်ခြင်းများပြုလုပ်ခဲ့ပါကြောင်း၊ တဖြည်းဖြည်းနှင့် ဒီမိုကရေစီရင့်ကျက်လာချိန်တွင် အရေးယူဆောင်ရွက်မှုများ ယခုထက်ပိုမို၍မြင်သာမှုများ အလိုအလျောက်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **တောင်သူလယ်သမားများအတွက် မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းသန်းက ဒေသခံတောင်သူလယ်သမားများ အနေဖြင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ကိုင်နိုင်ရေးအတွက် ဥပဒေနှင့်အညီခွင့်ပြုပေးသွားနိုင်မည် ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးမြေဖော်ထုတ်ခြင်းအတွက် နယ်မြေဒေသအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်ချက်နှင့်အညီ စီမံခန့်ခွဲ၊ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း၏ **ရုပ်ရှင်ရုံ ရုပ်ရှင်ပြသရာတွင် နိုင်ငံတော်အလံ အလေးပြုမှု အားနည်းခြင်းအပေါ်** *စာမျက်နှာ ၇ ကော်လံ ၁* ●

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

လေးစားပါသည် ဆရာမ လုံမေ စာ - ၃

၁၉ ရာစုက ဗြိတိသျှ စာရေးဆရာ၏ ရွှေလက်စွပ် လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ခန့်ရရှိ စာ - ၄

ယူရိုငွေသန်းပေါင်းများစွာ ရရှိသည့် ထီဆုကြီး စကော့တလန်မှ ဇနီးမောင်နှံ ကံကောင်းစွာဆွတ်ခူး စာ - ၄

ပလူတိုဂြိုဟ်ကို လှည့်ပတ်နေသော ပဉ္စမမြောက် လတစ်စင်းတွေ့ရှိ စာ - ၄

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၃ ရက်)

လုံ့လစိုက်ထုတ် ကြိုးပမ်းလုပ်ကိုင်ကြမည်ဆိုပါလျှင်

ဤလောက၌ ဥတုသုံးပါးရှိကြရာဝယ် မည်သို့သောရာသီဥတုကို အကြိုက်နှစ်သက်ဆုံးလဲဟု မေးလာလျှင် ဟေမန္တဆောင်းဥတုကို အကြိုက်ဆုံးပါဟုအများစုက ဖြေကြားလိမ့်မည်ထင်၏။ မှန်ပေ၏။ ဆောင်းဥတုသည်ကား အေးမြသာယာ၏။ သွားရေးလာရေးကောင်း၏။ ပွဲလမ်းသဘင်များ ပေါများ၏။ ထို့ကြောင့် လူတိုင်းအနေဖြင့် ဆောင်းရာသီကို အကြိုက်နှစ်သက်ဆုံးဖြစ်သည်ဟု ထင်၏။

အလားတူ ဒုတိယလူကြိုက်အများဆုံး ရာသီဥတုမှာ နွေရာသီဖြစ်မည်ထင်၏။ နွေရာသီကား သာယာနာပျော်ဖွယ်ကောင်း၏။ သာတောင့်သာစွရှိ၏။ ခြောက်သွေ့သော နွေနှောင်းရာသီကို သဘောမကျလင့်ကစား နွေဦးရာသီကို အလွန်နှစ်သက်ကြ၏။ ခရီးသွားတို့အတွက် သွားရေးလာရေးကောင်း၏။ ပူပြင်းခြောက်သွေ့လှသော နွေနှောင်းရာသီကို သဘောမကျလင့်ကစား နွေဦးရာသီကို အလွန်နှစ်သက်ကြ၏။ မအေးလွန်း၊ မပူလွန်း မျှတသောရာသီဥတုဖြစ်၍ လူတို့ကြိုက်နှစ်သက်ကြဟန်တူ၏။

ဆောင်းနှင့် နွေရာသီကိုကြိုက်နှစ်သက်ကြသော်လည်း မိုးရာသီကိုကား ကြိုက်နှစ်သက်ကြသူ အလွန်နည်းပေလိမ့်မည်။ မိုးရာသီကား ရွှံ့ဗွက်တို့ ထူပြော၏။ မိုးများအဆက်မပြတ်ရွာသွန်းသဖြင့် သွားမှုလာမှု အခက်အခဲများစွာရှိ၏။ ပေါင်းမြက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်ရောက်ကြကုန်သဖြင့် ခြေခင်းလက်ခင်းမသာယာ၊ မိုးသီး၊ မိုးပေါက်၊ မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများကြောင့် လူတို့ထိတ်လန့်ကုန်ကြ၏။ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းတို့ဖြစ်ပွားတတ်၍ မိုးရာသီကိုနှစ်သက်ကြသူ နည်းပေလိမ့်မည်။ မိုးရာသီကို လုံးလုံးကြီးကြိုက်သူမရှိဟု ယတိပြတ်မဆိုချင်ပါ။ သို့သော် ကြိုက်သူနည်းပေလိမ့်မည်။

စင်စစ်မှာမူ ထိုမိုးရာသီကား နွေနှင့် ဆောင်းရာသီတို့ထက်စာလျှင် လူသားတို့အတွက် အကျိုးအဖြစ်ထွန်းနိုင်ဆုံးသော ရာသီပင်ဖြစ်၏။ မိုးရေမိုးပေါက်တို့ကြောင့် ပန်းပေါင်းစုံတို့ ဖူးပွင့်ဝေဆာကြကုန်၏။ တောတောင်တစ်ခွင် စိမ်းလန်းကြကုန်၏။ ကောက်ပဲသီးနှံများ အလျှံပယ်ထွက်ရှိလာကြကုန်၏။ ထို့ကြောင့် မိုးရာသီကား လူသားတို့အတွက် အကျိုးအများနိုင်ဆုံးသော ရာသီပေတည်း။ လူအများတို့သည်လည်း ဤမိုးရာသီတွင် လယ်တောအလီလီ၊ ယာခင်းအသွယ်သွယ်တို့၌ စိုက်ကြ၊ ပျိုးကြသဖြင့် ပင်ပန်းနွမ်းနယ်ကြလေသည်။ သို့သော်လည်း ထိုပင်ပန်းမှုသည် တစ်ခဏမျှသာ ဖြစ်၏။ မိုးရာသီတွင် အပင်ပန်းခံ အားထုတ်စိုက်ကြပျိုးကြသဖြင့် ဝင်ငွေတိုးပွားကာ ဆောင်းနှင့်နွေတွင် သက်သောင့်သက်သာ နေထိုင်စားသောက်နိုင်ကြ၏။ အေးအေးလူလူနေနိုင်ကြ၏။ တစ်ခဏသာ အပင်ပန်းခံကြိုးစားလုပ်ကိုင်သဖြင့် ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်၏။

ထိုနည်းတူစွာပင် ဤလောက၌ တစ်ခဏသာအပင်ပန်းခံကြိုးစားလိုက်သဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်သော အလုပ်များစွာရှိလေသည်။ စီးပွားရှာသည်ဖြစ်စေ၊ ပညာရှာသည်ဖြစ်စေ အချိန်ရှိခိုက်လုံ့လစိုက်ဟူသော စကားအတိုင်း အချိန်အခါရှိတုန်း ကြိုးစားအားထုတ်လိုက်လျှင် တစ်ခဏသာမက တစ်ဘဝလည်း အကျိုးရှိစေနိုင်သည်။ အချိန်ရှိခိုက် ကြိုးစားအားထုတ်ရမည့်အစား ပေါ့ပေါ့တန်တန် နေထိုင်ခြင်းဖြင့် နောင်တတစ်ဖန်မရသင့်ပေ။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသည့်စကားကိုလည်း သတိချပ်သင့်ပေသည်။

သို့ဖြစ်၍ နွေရယ်၊ မိုးရယ်၊ ဆောင်းရယ် ရာသီအထွေထွေပြောင်းနေချိန်ဝယ် တစ်ခဏသာ အပင်ပန်းခံ လုံ့လစိုက်ထုတ်ကြိုးပမ်း၍ အလုပ်များကို တစိုက်မတ်မတ် လုပ်ကိုင်ကြပါလျှင် ရေရှည်တွင်အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်ကုန်သည်အဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့အား ဂျပန်နိုင်ငံ နာဂိုယာကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် Okaya Co., Ltd. ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Tokuichi Okaya နှင့်အဖွဲ့သည် ဇူလိုင် ၅ရက် နံနက်က အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ဂျပန်စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့်ကိစ္စ၊ ၂၀၁၂ ခုနှစ် ဇွန်လက မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဂျပန်ခရီးစဉ်အတွင်း နာဂိုယာမြို့၌ဆွေးနွေးပွဲကျင်းပခဲ့သည့်အတွက် မြန်မာနိုင်ငံနှင့် စီးပွားရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန် ပိုမိုစိတ်ဝင်စားလာသည့်ကိစ္စ၊ ဂျပန်လုပ်ငန်းရှင်များ သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်မည့်ကိစ္စ၊ နာဂိုယာမှ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါက အသင်းချုပ်မှ အကူအညီပေးမည့်ကိစ္စ၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ SME လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

သံတောင်ကြီး ဇူလိုင် ၁၂

မိုးပွင့်အဆင့်(၃)စီမံချက်အရ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများ ဇူလိုင် ၂ ရက်က ပျားစခန်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး စန်းဝင်းတို့ လာရောက်ကြည့်ရှုအားပေးပြီးနိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုစုထုတ်ပေးမှုများကို ပံ့ပိုးကူညီခဲ့ကြကြောင်း သိရှိရသည်။ (၁၁၅)

သတိပြုကာကွယ် ယာဉ်အန္တရာယ်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၂ခုနှစ် ဇွန်လအထိ ခြောက်လတာ ကာလအတွင်း ယာဉ်တိုက်မှု ၃၂ မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၆၁ဦး၊ ဒဏ်ရာရသူ ၄၂၄ဦး ရှိခဲ့ပါတယ်။ ယင်းယာဉ်တိုက်မှုများထဲမှ ယာဉ်နှင့်လူတိုက်မှု ကိုးမှု၊ ယာဉ်နှင့်အရာဝတ္ထုတိုက်မှု လေးမှု၊ ယာဉ်နှင့်ယာဉ်တိုက်မှု ကိုးမှု၊ ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုတစ်မှု၊ ယာဉ်နှင့်စက်ဘီးတိုက်မှုတစ်မှုလည်းပါဝင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီရဲ့ (၃၇)ကြိမ်မြောက် မီဒီယာတွေ့ဆုံရှင်းလင်းပွဲမှာ သိခဲ့ရပါတယ်။ မတော်တဆမှုများကြောင့် နေ့စဉ်ယာဉ်နှင့် လူထိခိုက်မှုများစွာရှိနေရတဲ့အတွက် ကြေကွဲဖွယ်ဖြစ်ရပ်များကို မြင်တွေ့ကြားသိနေရခြင်းပါ။ မတော်တဆမှုဖြစ်စဉ်များတွင် ယာဉ်မောင်းရဲ့ချို့ယွင်းမှု၊ ယာဉ်ရဲ့ ချွတ်ယွင်းမှုကြောင့်ဖြစ်စေ၊ လမ်းအသုံးပြုသူများရဲ့ ချို့ယွင်းမှု၊ လမ်းစည်းကမ်း မလိုက်နာမှုများကြောင့် ဖြစ်ပွားရသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပြီး မိုးတွင်းကာလရောက်ရှိလာပြီဖြစ်လို့ ရာသီဥတုကို အကြောင်းပြုပြီး ယာဉ်တိုက်မှုတွေ မဖြစ်အောင် ပိုသတိပြုသင့်ပါတယ်။

အဆိုပါ ဖြစ်စဉ်များအနက်မှ ဇွန် ၃၀ရက် နံနက်ပိုင်းတွင် မထသ(မြို့တွင်း) စီမံမှုအောက်ရှိ ဌာနခွဲ(၅)မှ (၅၃)အထူးယာဉ်လိုင်း ယာဉ်အမှတ်(၅ခ/. . .)သည် ဆူးလေမှ မှော်ဘီသို့အပြန် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ဘုရားကုန်းဆင်းအရောက် စက်ဘီးကိုရှောင်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၄ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရပါတယ်။

(ဝင်းဝင်းမော်)

အင်္ဂပူမြို့နယ်၌ ချေးငွေပေးအပ်

အင်္ဂပူ ဇူလိုင် ၁၂

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂ ခုနှစ် မိုးရာသီဘဏ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၆ ရက် နံနက်ကမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွှမ်းမိုးဟန်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမြကြိုင်တို့က အမှာစကားပြောကြားပြီးနောက် ချေးငွေများပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါအခမ်းအနားတွင် ကျေးရွာအုပ်စု နှစ်အုပ်စုမှ အဖွဲ့ဝင် ၂၃၁ ဦး၏ လယ်ဧက ၁၆၄၉ အတွက် ချေးငွေပေါင်းကျပ် ၈၂၄၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

အထကကျောင်းဆောင်သစ် မော်လမြိုင်ကျွန်းမြို့နယ်၌ဖွင့်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၂

မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်ပညာရေးမှူးဦးစံမြင့်နှင့် မြန်မာ့စီးပွားရေးဦးပိုင် အဓိပတိလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလီမိတက် မြို့နယ်မန်နေဂျာ ဦးအောင်နိုင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါကျောင်းဆောင်သစ်ကို မြန်မာ့စီးပွားရေးဦးပိုင် အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လီမိတက်က လှူဒါန်းငွေကျပ် သိန်း ၁၅၀ နှင့် ကျိုက်ပိကျေးရွာပြည်သူများ ပါဝင်လှူဒါန်းငွေကျပ် ၇၇ သိန်းကျော် စုစုပေါင်းငွေကျပ် ၂၂၇ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်ဖြစ်ပြီး အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်သဖြင့် ကျိုက်ပိနှင့်အနီးရှိကျေးရွာ ၁၀ အုပ်စုမှ ကျောင်းသား ကျောင်းသူများ စာသင်ခန်းလုံလောက်စွာဖြင့် ပညာသင်ကြားနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (၀၆၅)

မြဝတီမြို့၌ တောင်သူပညာပေး သင်တန်းပို့ချ

မြဝတီ ဇူလိုင် ၁၂

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်သည့် တောင်သူပညာပေးသင်တန်းကို ဝေ့ရှမ်းကျေးရွာတွင် ဇူလိုင် ၈ ရက်က လည်းကောင်း၊ မဲထော်သလေးကျေးရွာတွင် ဇူလိုင် ၁၀ ရက်ကလည်းကောင်း သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

တက်ရောက်

အဆိုပါ သင်တန်းတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းရီ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးလှဝေနှင့် မြို့နယ်ဦးစီးမှူး ဦးစောလှကြည်တို့က မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးစိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့်အညီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ဆောင်ရွက်ရေးနှင့်ပိုးမွှားရောဂါကာကွယ်ရေး ဘာသာရပ်များ ပညာပေးဆွေးနွေးပို့ချရာ ကျေးရွာငါးရွာမှတောင်သူ ၂၅၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

ကျောင်းကုန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျောင်းကုန်း ဇူလိုင် ၁၂

ကျောင်းကုန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ် (၃)ရပ်ကွက်ရှိ တာဦးကားလမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်၌ကျင်းပရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကျွန်းပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀ စုစုပေါင်းအပင် ၁၁၀၀ တို့ကို စုပေါင်းစိုက် ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၉၁)

ကသာကျေးလက် စာဖတ်ရှိန်မြှင့်တင်

ကသာ ဇူလိုင် ၁၂

ကသာမြို့နယ် ပေါမမြိုင်ကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇွန် ၂၉ ရက်က ပေါမမြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချီမောင်၊ မြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်များဖြစ်သော ဦးစမ်းဦး(ကမ်းနဖူးက-စမ်းဦး)၊ ဦးအောင်ညွန့်(လူအောင်)၊ ဦးဖိုးနိုင်(နိုင်ကြီး-ကသာ)၊ ဦးစန်းလွင်မင်း(ငွေအိုး-ကသာ)၊ ဦးမြင့်ဟိန်းကျော်(ကသာ)၊ ဦးမင်းနိုင်(သတင်းထောက်)တို့က ပေါမမြိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ပေါမမြိုင်ကျေးရွာ ကျောင်းသူ၊ ကျောင်းသားများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သာမန်ပညာရေးရည်မှန်းချက်သာမကဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု စံပြုရည်မှန်းချက်ထားရှိကာ ယခုထက် ပိုမိုထွန်းပေါက်အောင် ကြိုးစား

နေပြည်တော် ဇူလိုင် ၁၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ကြားဆဲ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ပြုပြင်ပြောင်းလဲတိုးတက်ရေး၌ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် အဓိကနေရာမှပါဝင်နေကြောင်း၊ လူသားအရင်းအမြစ် အခြေပြုလူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးမှုပုံစံသို့ ပြောင်းလဲနေပြီဖြစ်ကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ အခြေပြုချမ်းသာသော နိုင်ငံ၊ ဆင်းရဲသောနိုင်ငံဟူ၍ ဆင်းရဲချမ်းသာကွာဟမှု ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည်လည်း လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသေးသဖြင့် ဆင်းရဲနွမ်းပါးမှုရှိနေဆဲ ဖြစ်ကြောင်း၊ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းမှာ အဓိကကျလာသည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းသားသမီးများကို ထူးချွန်ထက်မြက်သော လူငယ်များအဖြစ် တိုးတက်ပေါ်ထွန်းလာစေရေးအတွက် အားပေးကူညီမှုများ ဆောင်ရွက်ပေးသကဲ့သို့ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ သားသမီးများကို ပညာရေးအခြေခံကောင်းများ ပြည့်စုံစေရေးအတွက် တတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ သားသမီးလူငယ်များအနေဖြင့်လည်း နယ်စပ်ဒေသနှင့် ကျေးလက်ဒေသနေပြည်သူများ၏ သားသမီးများ အခြေခံပညာ တိုးတက်မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်ရေးအတွက် အထူးရည်မှန်းချက်ထားရှိကာ အားပေးကူညီကြရန်နှင့် ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသော စကားရပ်နှင့်အညီ သာမန်ပညာရေးရည်မှန်းချက်သာမကဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စံပြုရည်မှန်းချက်ထားရှိကာ ယခုထက် ပိုမိုထွန်းပေါက်အောင်မြင်အောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငါးဘာသာဂုဏ်ထူးရှိသူ လေးဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်ခိုင်က ငါးဘာသာဂုဏ်ထူးရရှိသူ လေးဦးတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လေးဘာသာဂုဏ်ထူးရရှိသူ ငါးဦးနှင့် ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်လေးမြင့်က လေးဘာသာဂုဏ်ထူးရရှိသူ လေးဦးတို့အားလည်းကောင်း၊ တာဝန်ရှိသူတို့က သုံးဘာသာ၊ နှစ်ဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏အခြေခံပညာနှင့်တက္ကသိုလ်အဆင့်ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများအား ဝန်ကြီးရုံးနှင့်ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးကျောင်းသားကျောင်းသူ ၂၅၆ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၂ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၈၂ ဦး ထူးချွန်စွာအောင်မြင်ခဲ့ကြပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေသားသမီးများနှင့် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ချီးမြှင့်ငွေကျပ် ၅၂၀ ဒသမ ၄၅သိန်းနှင့် ကျောင်းဝတ်စုံနှစ်စုံစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေအား ယင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးအား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များမှ အောက်ဖော်ပြပါ ဒုတိယပါမောက္ခချုပ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် တက္ကသိုလ်များတွင် ပါမောက္ခချုပ်များအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

(က)	ဒေါက်တာစိုင်းအောင်ဆန်း	ပင်လုံတက္ကသိုလ်
(ခ)	ဒေါက်တာဒေါ်ခင်ဆွေမြင့်	မန္တလေးတက္ကသိုလ်
(ဂ)	ဒေါက်တာဌေးအောင်	မော်လမြိုင်တက္ကသိုလ်
(ဃ)	ဒေါက်တာညွန့်ဖေ	ပုသိမ်တက္ကသိုလ်
(င)	ဒေါက်တာလှဌေး	ဒဂုံတက္ကသိုလ်
(စ)	ဒေါက်တာအေးကျော်	မကွေးတက္ကသိုလ်
(ဆ)	ဒေါက်တာဒေါ်မူမူမြင့်	တောင်ကြီးတက္ကသိုလ်
(ဇ)	ဒေါက်တာဇော်လင်း	မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
(ဈ)	ဒေါက်တာဒေါ်လွင်လွင်စိုး	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(ည)	ဒေါက်တာဌေးလင်းမောင်	မအူပင်တက္ကသိုလ်
(ဋ)	ဒေါက်တာတင်ထွန်းမြင့်	ရွှေဘိုတက္ကသိုလ်
(ဌ)	ဒေါက်တာဒေါ်မြမြအေး	ဘားအံတက္ကသိုလ်
(ဍ)	ဒေါက်တာမြင့်လွင်	ကျောက်ဆည်တက္ကသိုလ်
(ဎ)	ဒေါက်တာခင်မောင်ဦး	ရတနာပုံတက္ကသိုလ်

အရှေ့တောင်အာရှဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းအဝေး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်အဖွဲ့ ပါဝင်တက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၉

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ ကျင်းပသည့် (၆၅)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးနှင့် ပဥ္စမအကြိမ် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ကြီးကြပ်ရေးနှင့်မူဝါဒရေးရာဆပ်ကော်မတီ အစည်းအဝေးသို့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

တက်ရောက်

အစည်းအဝေးသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသနိုင်ငံများမှပြည်နယ်ကျန်းမာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အတွင်းဝန်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၂ ရက်မှ ၅ ရက်အတွင်း ကျင်းပခဲ့သည့် (၆၅)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအစည်းအဝေးအတွက် အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးနှင့် ပဥ္စမအကြိမ် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ကြီးကြပ်ရေးနှင့်မူဝါဒရေးရာဆပ်ကော်မတီ အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်နယ်ကျန်းမာရေးဝန်ကြီး Dr. Capt (Retd) Mozibur Rahman Fakir က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဇူလိုင် ၆ ရက်တွင်ကျင်းပသော ပဥ္စမအကြိမ် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ကြီးကြပ်ရေးနှင့် မူဝါဒရေးရာဆပ်ကော်မတီ အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုထိရောက်မှုရှိစေရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များ၊ (၆၅)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအစည်းအဝေးတွင် ဆွေးနွေးမည့် ပညာရပ်ဆိုင်ရာခေါင်းစဉ်ရွေးချယ်သတ်မှတ်ခြင်း၊ အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအစီအစဉ်များ၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်များ၊ ဆေးဝါးများအရည်အသွေးပြည့်မီရေးနှင့် စံချိန်စံညွှန်းကိုက်ညီမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်မည့်အစီအစဉ်များ၊ ကမ္ဘာ့လူတုပ်ကွေး ကာကွယ်တားဆီးရေးနှင့်ကုသမှုအစီအစဉ်များ၊ ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများ တိုးတက်စေရေးအတွက် ရန်ပုံငွေခွဲဝေသတ်မှတ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ်များ၊ ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်များ၊ ပိုလီယိုရောဂါ ပပျောက်စေရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွှမ်းခြုံမှုရစေရန်အတွက် တိုးမြှင့်ဆောင်ရွက်မည့်အစီအစဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အထောက်အပံ့ဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော စီမံချက်လုပ်ငန်းများအား သုံးသပ်ဆွေးနွေးခြင်း၊ လက်ရှိ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းများပြီးစီးမှုအခြေအနေကို သုံးသပ်ခြင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများအား လျာထားသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ အတွေ့အကြုံများ ဖလှယ်ကြပြီး သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုနိုင်ပါဝင်ပြီး ဇူလိုင် ၇ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့အလင်း **အမှတ်မထင် သတင်းမြင်ကွင်း**

လေးစားပါသည် ဆရာမလုံးစုံ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
မောင်ယဉ်ဦး (ဒလ)

ဒလမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းသည် တွံတေး-ဒလကားလမ်းမကြီး၏ဘေးတွင် တည်ရှိပြီး ဗညားဒလရပ်ကွက်၏ တစ်ဖက်ခြမ်းတွင် တည်ရှိသည်။ တွံတေး-ဒလ ကားလမ်းမကြီးသည် ယာဉ်သွားယာဉ်လာများပြားပြီး ဆိုင်ကယ်ကယ်ရီများလည်း ဥဒဟိုသွားလာလျက်ရှိသည်။ ၎င်းတို့အနက် စည်းကမ်းမဲ့ဆိုင်ကယ်မောင်းသူများကြောင့် အမက(၁၇)ရှေ့ဝန်းကျင်တွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။

၎င်းကိုသိရှိထားသော အဆိုပါကျောင်းမှ ဆရာမများသည် ကျောင်းသားကျောင်းသူများကို မိမိတို့၏ရင်သွေးများသဖွယ် ဂရုတစိုက် စောင့်ကြပ်လျက်ရှိရာ ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ယာဉ်ထိန်းရဲများသဖွယ် တာဝန်ထမ်းဆောင်နေကြသည့် အမှတ်မထင်မြင်ကွင်းမှာ မြင်ရသူအတွက် ကြည်နူးပီတိဖြစ်စရာပင်။ အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်းမှ ဆရာမများသည် ကျောင်းဆင်းချိန်တွင် ယာဉ်မတော်တဆမှုများမှ ကင်းဝေးစေရန် ယာဉ်များအား ခေတ္တရပ်တန့်စေလျက် ကျောင်းသား ကျောင်းသူများကို နေ့စဉ်စနစ်တကျ လမ်းဖြတ်ကူးပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)**

နံနက်ပိုင်း ကျောင်းတက်ချိန်တွင်လည်း ဆရာမများမှပင် လမ်းတစ်ဖက်ရှိ ကျောင်းသား ကျောင်းသူများအားခေါ်ဆောင်လျက် ကျောင်းရှိရာသို့ ကြို/ပို့ပြုလုပ်ပေးလျက်ရှိသည်ဟု သိရသည်။ အမက(၁၇) ကျောင်းအုပ်ဆရာမကြီးက မိမိကျောင်းသား ကျောင်းသူများ ဘေးကင်းအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဖွင့်ရက်များတွင် ဆရာမများအား အလှည့်ကျတာဝန်ယူစေလျက်ရှိသည်မှာ ကျောင်းသားမိဘများအတွက် ရတက်အေးစရာပင်ဖြစ်သည်။

ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအား အသိပညာများ သင်ရိုးမာတိကာဘာသာရပ်များကို သင်ကြားပေးသည်သာမက ငယ်စဉ်မူလတန်းဖတ်စာတွင် သင်ကြားခဲ့ရသော "ဒို့လုံမေ မခင်မြ ယာဉ်ထိန်းရာတွင် ကျွမ်းကျင်လှ" ဟူသော စာစုလေးကဲ့သို့ ကျောင်းသား ကျောင်းသူများ ယာဉ်မတော်တဆမှုမှ ကင်းဝေးအောင် ဆောင်ရွက်ပေးလျက်ရှိပုံကိုကြည့်၍ ဆရာမများအား လေးစားချီးကျူးခဲ့ရပါကြောင်း။

မူးယစ်ဆေးဝါးသယ်ဆောင်ရာလိုဏ်ခေါင်း မက္ကဆီကိုနှင့်အမေရိကန်နယ်စပ်၌ တွေ့ရှိ

အရီဇိုးနား ဇူလိုင် ၁၂

မက္ကဆီကိုနိုင်ငံ ဆိုနိုရာပြည်နယ်နှင့် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်အကြား နယ်စပ်၌ အရှည် မီတာ ၂၃၀ ရှိ မူးယစ်ဆေးဝါးသယ်ဆောင်ရာ ဥမင်လိုဏ်ခေါင်းတစ်ခုကို မက္ကဆီကိုတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါမှောင်ခိုဥမင်လိုဏ်ခေါင်း **(အောက်ပုံ)**သည် အမြင့် ၁ ဒသမ ၃ မီတာရှိပြီး မြေအောက်အနက် ၁၈ မီတာ ဆင်းပြီးမှ ရောက်ရှိကြောင်း၊ မက္ကဆီကိုမြောက်ပိုင်း ဆိုနိုရာပြည်နယ် ဆန်လူးဝစ်ရီယိုကော်လိုရာဒိုအရပ်မှ အမေရိကန်အရီဇိုးနား ပြည်နယ်သို့သွယ်တန်းဖောက်လုပ်ထားခြင်းဖြစ်ကြောင်း မက္ကဆီကိုစစ်တပ်၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ဝင်ထွက်နိုင်

ယင်းဥမင်လိုဏ်ခေါင်းသည် လျှပ်စစ်မီးနှင့် လေဝင် လေထွက်စနစ်များရှိကြောင်း၊ မူးယစ်ဆေးဝါးများသယ်ဆောင်သည့် လှည်းငယ်များ ဝင်နိုင်ထွက်နိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်တစ်လျှောက် လုံခြုံရေးတင်းကျပ်ထားသော်လည်း မက္ကဆီကိုမူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်သူများက အမေရိကန်နိုင်ငံအတွင်းသို့ လိုဏ်ခေါင်းများသုံးပြီး မူးယစ်ဆေးဝါးများ မှောင်ခိုသွင်းလျက်ရှိသည်။ မကြာမီနှစ်များက အဆိုပါ နယ်စပ်တစ်လျှောက် လိုဏ်ခေါင်း ၈၀ ခန့် တွေ့ရှိခဲ့ပြီးဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် မူးယစ်ဆေးဝါးစစ်ပွဲအဆုံးသတ်ရန် ကြိုးစားလျက်ရှိသည်။ သမ္မတ ဖီးလစ်ကယ်ဒါရွန်သည် ၂၀၀၆ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးမှောင်ခိုများကို ဖြိုခွင်းလျက်ရှိရာ သေဆုံးသူ ၅၅၀၀၀ ခန့်အထိ ရှိသွားပြီဖြစ်သည်။ **(အင်တာနက်)**



ပလူတိုဂြိုဟ်ကို လှည့်ပတ်နေသော ပဥ္စမမြောက်လတစ်စင်းတွေ့ရှိ

နာဆာ ဇူလိုင် ၁၂

ပလူတိုဂြိုဟ်ကို လှည့်ပတ်နေသော ပဥ္စမမြောက် အရံလတစ်စင်းကို ဟူဘယ်လ်အာကာသမှန်ပြောင်းမှ လေ့လာတွေ့ရှိထားကြောင်း ဇူလိုင် ၁၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအရံလ **(အပေါ်ပုံ)**သည် ဟူဘယ်လ်ဓာတ်ပုံများတွင် အလင်းပြောက်တစ်ခုအဖြစ်သာ တွေ့ရသည်ဟု ဆိုသည်။ ၎င်းသည် အချင်း ၁၀ ကီလိုမီတာနှင့် ၂၅ ကီလိုမီတာကြားရှိပြီး ပုံသဏ္ဍာန်အတိအကျ မရှိကြောင်း ခန့်မှန်းထားသည်။ ယင်းအရံလကို သေးငယ်သော ကမ္ဘာတစ်ခုအဖြစ် သိပ္ပံပညာရှင်များက စိတ်ဝင်စားနေကြသည်။

ဟူဘယ်လ်မှန်ပြောင်းမှ တွေ့ရှိရသော ပလူတိုဂြိုဟ်၏ ပဥ္စမမြောက်အရံလကို သိပ္ပံပညာရှင်များက P5 ဟု သတ်မှတ်ထားကြပြီး ပလူတိုဂြိုဟ်အား လှည့်ပတ်နေသော အရံဂြိုဟ်စာရင်းတွင် ထည့်သွင်းထားသည်။ လွန်ခဲ့သောနှစ် ဘီလီယံပေါင်းများစွာက ပလူတိုဂြိုဟ်နှင့် အခြားကြီးမားသော အရာဝတ္ထုတစ်ခုတို့ တိုက်မိကြရာမှ အရံလများအဖြစ် ပဲ့ထွက်လာကြခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ပလူတိုဂြိုဟ်၏ အကြီးဆုံးသော အရံလဖြစ်သည့် ချာရွန် (Charon) ကို ၁၉၇၈ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် နစ် (Nix)နှင့် ဟိုက်ဒရာ (Hydra) အရံလများကို ထပ်မံတွေ့ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် P4 ဟု အမည်ပေးထားသောအရံလကို တွေ့ရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်က တွေ့ရှိခဲ့သော ပလူတိုဂြိုဟ်သည် ၂၀၀၆ ခုနှစ်တွင် ဂြိုဟ်အဆင့်မှ လျှော့ချခဲ့သည့်တိုင် နေအဖွဲ့အစည်းအတွင်း ကိုးလုံးမြောက်ဂြိုဟ်အဖြစ် အသိအမှတ်ပြုနေကြဆဲပင်ဖြစ်သည်။ **(အင်တာနက်)**

၁၉ ရာစုက ဗြိတိသျှ စာရေးဆရာ၏ ရွှေလက်စွပ် လေလံပွဲ၌ အမေရိကန် ဒေါ်လာ ၃၀၀၀၀၀ ခန့်ရရှိ

လန်ဒန် ဇူလိုင် ၁၂

၁၉ ရာစုက နာမည်ကျော် ဗြိတိသျှစာရေးဆရာတစ်ဦးဖြစ်သည့် ဂျိမ်းအော်စတင်၏ ရွှေလက်စွပ်တစ်ကွင်းကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ခန့်ရရှိခဲ့ကြောင်း ၎င်းလေလံပွဲကို တာဝန်ယူကျင်းပသည့် ဆိုသီဘိုင်လေလံအဖွဲ့က ဇူလိုင် ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ လက်စွပ် **(ယာပုံ)**ကို အမည်မဖော်လိုသည့် ဝယ်ယူသူတစ်ဦးက ဖုန်းဖြင့် ဈေးပေးကာဝယ်ယူသွားခဲ့ခြင်းဖြစ်ပြီး အပြိုင်အဆိုင်ဈေးပေးဝယ်ယူသူရှစ်ဦးတို့အနက် ၎င်းအမည်မဖော်လိုသူက ဈေးအမြင့်ဆုံးပေး၍ ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

ယခုဝယ်ယူသွားသည့်သူမှာ ဈေးအမြင့်ဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၂၉၉၆၂၀ ပေး၍ ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ စာရေးဆရာအော်စတင်၏ လက်ရေးစာမူကြမ်းတစ်ခုကို ပြီးခဲ့သည့်နှစ်က လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ နှစ်သန်းခန့်ရရှိခဲ့သည်။

၎င်းရွှေလက်စွပ်တွင် ဘဲဥပုံအစိမ်းရောင်ကျောက်မျက်တစ်လုံးကို ရွှေဖြင့်ကွင်းထားခြင်းဖြစ်သည်။ အဆိုပါ ရွှေလက်စွပ်ဒီဇိုင်းပုံစံမှာ ရိုးစင်းသော်လည်း ဆွဲဆောင်မှုရှိသည်ဖြစ်ရာ မြင်တွေ့ရသူအဖို့ ပိုင်ဆိုင်လိုစိတ်၊ သိမ်းဆည်းလိုစိတ်များ ဖြစ်ပေါ်စေသည်ဟု လေလံရောင်းချရေးအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ခရီးသည်တင်လေယာဉ်တစ်စင်း ငှက်တစ်ကောင်နှင့်တိုက်မိ

ပေကျင်း ဇူလိုင် ၁၂

ချိုင်းနားအိစ်စတင်းလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် တရုတ် (တိုင်ပေ) ရှိ တောင်ယန်နိုင်ငံတကာလေဆိပ်မှ ရှန်ဟိုင်းမြို့သို့ ပျံသန်းလာစဉ် ဝေဟင်၌ ငှက်တစ်ကောင်နှင့် တိုက်မိခဲ့သဖြင့် တောင်ယန်နိုင်ငံတကာလေဆိပ်သို့ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရကြောင်း တရုတ်အရာရှိများက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ လေကြောင်းလိုင်းမှ လေယာဉ် ခရီးစဉ်အမှတ် အိစ်အမ်ယူ- ၅၀၀၈ ခရီးသည်တင်လေယာဉ်သည် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၉၉ ဦးကို တင်ဆောင်ကာ တောင်ယန်နိုင်ငံတကာလေဆိပ်မှ ရှန်ဟိုင်းမြို့ ပူတောင်နိုင်ငံတကာလေဆိပ်သို့ ပျံသန်းလာစဉ် ငှက်နှင့်တိုက်မိခဲ့သဖြင့် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၈ မိနစ်၌ တောင်ယန်လေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၂၈၄ ဦးနှင့် လေယာဉ်အမှုထမ်း ၁၅ ဦးတို့ တင်ဆောင်ပျံသန်းလာခြင်းဖြစ်သည်။

ငှက်နှင့်တိုက်မိပြီးနောက် လေယာဉ်၏ ဝဲဘက်အင်ဂျင်တစ်လုံးမှာ ပုံမှန်လုပ်ငန်း ဆောင်ရွက်နိုင်မှုမရှိတော့သဖြင့် လေယာဉ်မှူးက တောင်ယန်လေဆိပ်သို့ ပြန်လည်ဆင်းသက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်မှာ လေဆိပ်သို့ ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သဖြင့် ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ချေ။ ၎င်းလေယာဉ်မှ ခရီးသည်များအား အခြားလေယာဉ်တစ်စင်းသို့ ပြောင်းရွှေ့ကာ ခရီးစဉ်အတိုင်းပျံသန်းပေးခဲ့ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၂-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကုန်တင်ရထားလမ်းချော်

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ဇူလိုင် ၁၁ ရက်က စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ရထားတစ်စင်း ရုတ်တရက် လမ်းချော်မှုကြောင့် မီးလောင်မှုများဖြစ်ပေါ်ခဲ့ပြီးနောက် ဖြစ်ပွားရာဧရိယာတစ်မိုင်ပတ်လည်တွင် ကယ်ဆယ်ရေးများဆောင်ရွက်ခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါကုန်တင်ရထားသည် ချီကာဂိုမြို့မှ မြောက်ကယ်ရိုလိုင်းနားသို့ ဦးတည်မောင်းနှင်လာစဉ် အိုဟိုင်းယိုး၌ ယင်းနေ့အစောပိုင်းက ထိုသို့လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရာ နေရာတစ်မိုင်ပတ်လည်တွင် ကယ်ဆယ်ရေးများဆောင်ရွက်ပြီး မီးသတ်သမားများက မီးကို အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးတောက်များကို အဝေးမှမြင်တွေ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါဖြစ်ပွားမှုကြောင့် နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့တင်ပို့ထားကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောကြားသည်။

ယူရိုငွေသန်းပေါင်းများစွာရရှိသည့်ထီဆုကြီး စကော့တလန်မှ ဇနီးမောင်နှံ ကံကောင်းစွာဆွတ်ခူး

စကော့တလန်နိုင်ငံမှ ဇနီးမောင်နှံစုံတွဲတစ်တွဲသည် ၎င်းတို့နှစ်ဦး၏ ကံကိုယုံကြည်ပြီး ထိုးခဲ့သည့် ထီတစ်စောင်မှ ယူရိုသန်းပေါင်းများစွာ တန်ဖိုးရှိသည့် ထီဆုကြီးကို ဆွတ်ခူးရရှိခဲ့ကြောင်း ဇူလိုင် ၁၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)**

စကော့တလန် အနောက်ပိုင်း မြောက်အာရှိုင်းယားအရပ်ရှိ လာ့စ်ဒေသတွင် နေထိုင်သည့် ခရစ်နှင့် ကောလင်းဝီအာအမည်ရှိ ဇနီးမောင်နှံသည် ထီဆိုင်တစ်ဆိုင်မှ ၎င်းတို့၏ စိတ်ကူးဖြင့် စပ်တူထိုးခဲ့သည့် ထီလက်မှတ်မှ ပေါင် ၁၆၁ သန်းတန် ထီဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့စုံတွဲသည် ထီပေါက်သည့်ငွေများမှ ငွေအချို့ကို အလှူအတန်းများ ပြုလုပ်သွားမည်ဟုဆိုသည်။ ယခုနှစ်တွင် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ပျော်ရွှင်မှုများနှင့် ခက်ခဲသည့် စိန်ခေါ်မှုများရှိခဲ့ကြောင်း၊ သို့သော် တုန်လှုပ်မှုမရှိခဲ့ကြောင်း၊ ယခုအချိန်သည် ကံအကောင်းဆုံးအချိန်ဖြစ်ပြီး မယုံကြည်နိုင်လောက်သည့် ထူးခြားမှုကို ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ကြောင်း ဆုချီးမြှင့်သည့် နှစ်ပတ်လည်အခမ်းအနားတွင် ကောလင်းဝီအာက ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ ကျူးရှူးကျွန်း ရေလွှမ်း ခုနစ်ဦးသေဆုံးပြီး ၁၉ ဦး ပျောက်ဆုံး

အိုဆာကာ ဇူလိုင် ၁၂

ဂျပန်နိုင်ငံ အနောက်တောင်ဘက် ကျူးရှူးကျွန်းတွင် ဇူလိုင် ၁၁ ရက်က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းခဲ့ရာ လူခုနစ်ဦးသေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေကြောင်း ဂျပန်သတင်းများတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ပျောက်ဆုံးနေ

ရေလွှမ်းမှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ ဇူလိုင် ၁၁ ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။ ကျူးရှူးကျွန်း ကူမာမိုတိုခရိုင်အတွင်းရှိ အာဆိုမြို့နှင့် အနီးတစ်ဝိုက်တွင် ဇူလိုင် ၁၁ ရက် နံနက်က အလောင်းသုံးလောင်း တွေ့ရှိပြီး လူ ၁၉ ဦး ပျောက်ဆုံးနေသည်။

အိုအီတာခရိုင် တာကီတာမြို့မှလည်း အလောင်းတစ်လောင်းကို ယင်းနေ့က တွေ့ရှိရသည်။ ပြည်သူ ၂၅၀၀၀ တို့အား ၎င်းတို့နေထိုင်သည့် မြစ်အနီးမှ ပြောင်းရွှေ့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ **(အင်တာနက်)**

လာဟိုးမြို့၌ ပစ်ခတ်မှုဖြစ်ပွား ပါကစ္စတန်ရဲတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇူလိုင် ၁၂

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် မြို့တော်လာဟိုးတွင် သေနတ်သမားများ၏ လက်ချက်ဖြင့် ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၁၂ ရက်တွင် ကြေညာသည်။

သေနတ်သမားများသည် မော်တော်ဆိုင်ကယ်စီးပြီး ဇူလိုင် ၁၂ ရက် နံနက်က လူစည်ကားသည့် ဘစ်ရှုရာဒေသရှိ အဆောက်အအုံတစ်ခုကို ပစ်ခတ်တိုက်ခိုက်ကြောင်း လာဟိုရဲမှူးကြီး အက်စလမ်ဟာရင်းက ပြောကြားသည်။

သေနတ်သမားတို့၏ တိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရသွားသည်ဟု ၎င်းက ပြောကြားသည်။ သေနတ်သမားများသည် အခင်းဖြစ်နေရာမှ ထွက်ပြေးလွတ်မြောက်သွားသည်။ မည်သည့်အဖွဲ့အုပ်စုကမျှ သူတို့လက်ချက်ဟု ယခုအထိ ထုတ်ဖော်ကြေညာခြင်းမရှိသေးဟုဆိုသည်။ **(အင်တာနက်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

နေပြည်တော်ကောင်စီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ကျေးရွာများသို့ ဇွန် ၅ ရက်မှစ၍ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးသည် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်တို့လိုက်ပါ၍ ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် ရုံးပင်စောင်းကျေးရွာ၌ ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသပေးမှု၊ ကျန်းမာရေးအသိပညာပေးဟောပြောမှုတို့ကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ထို့နောက် ကျေးရွာအတွင်း ကွင်းဆင်းအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိသော ဟင်းသီးဟင်းရွက်စိုက်ခင်းပြုလုပ်ခြင်း၊ မျိုးစေ့များ အခမဲ့ဖြန့်ဝေခြင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ သက်တမ်းရင့်တက္ကစီမှ

ထုတ်လုပ်ထားခြင်းဖြစ်ပြီး အင်္ဂလန်နိုင်ငံသို့ အဆိုပါကားအမျိုးအစား အစီးရေ ၈၀၀ ကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ၎င်းတက္ကစီသည် လန်ဒန်မြို့တွင်း၌သာ မောင်းနှင်သွားလာရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတက္ကစီကားများကို မော်တော်ကား လေလံရောင်းချရေးအဖွဲ့များက ဒုတိယကမ္ဘာစစ်ပြီးကတည်းက ဝယ်ယူစုဆောင်းထားခဲ့ခြင်းဖြစ်သည်။ ၎င်းတက္ကစီကားတွင် တပ်ဆင်ထားသော အင်ဂျင်စွမ်းအားမှာ မြင်းကောင်ရေ ၁၆ ကောင်အားရှိသည့် အင်ဂျင်ဖြစ်သည်။ အရှိန်နှုန်းအဆင့်သုံးဆင့် ပြောင်းနိုင်သည့် ဂီယာပါရှိသည်။ ယင်းတက္ကစီကားသည် တစ်နာရီလျှင် မိုင် ၃၀ မှ မိုင် ၄၀ အထိ မောင်းနှင်နိုင်သည်။ ကားဘီးများမှာ အပြင်ဘက်၌ တာယာပါရှိပြီး သစ်သားဖြင့် ပြုလုပ်ထားသော်လည်း ပေ့ါပါးသော သစ်သားဘီးများဖြစ်သည်။ **(အင်တာနက်)**

❖ ယာဉ်အိုယာဉ်ဟောင်းမှ

အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ အစားထိုးဝင်ရောက်လာပြီဖြစ်ရာ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု စနစ်အရ အင်းစိန်ရွာမ သံမဏိစက်ရုံသို့ နေ့စဉ်ယာဉ်ဟောင်းများ လာရောက်အပ်နှံလျက်ရှိကြသည်။

နေ့စဉ်ပျမ်းမျှ ကားအစီးရေ ၁၀၀ အထက် လာရောက်အပ်နှံလျက်ရှိပြီး ယခုအခါ စက်ရုံသို့ လာရောက်အပ်နှံပြီး ကားအစီးအရေအတွက်မှာ ၂၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

စိစစ်ရေးကတ်ပြားများပေးအပ်

ဇူလိုင် ၃ ရက်က သိန်းနီမြို့နယ် ကောင်းဟော်ကျေးရွာအုပ်စု အမက (မူလွန်)ကျောင်း၌ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကိုကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းကျော်က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်လဝက)

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတည်ဆောက် ပြီးစီး

နေပြည်တော် ဇူလိုင် ၁၂

ယခင်နေပြည်တော် လယ်ဝေးအားကစားကွင်းကို နေပြည်တော်အဆင့်မြင့်အားကစားလေ့ကျင့်ရေးစခန်းအဖြစ် အသုံးပြုရန် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုအားလုံး ပြီးစီးသွားပြီဖြစ်သည်။

ဆောက်လုပ်ပေး

ယင်းအားကစားလေ့ကျင့်ရေးစခန်းတွင် ဘောလုံး၊ စစ်တုရင်၊ ဘီလီယက်နှင့် စနူကာ၊ ပန်ဂျပ်ဆီလက်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ကြက်တောင်၊ Gym and Fitness Center၊ သေနတ်ပစ်၊ ဝူရှူး၊ အလေးမ၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်၊ ကျွမ်းဘား၊ နပန်း စသည့် အားကစားနည်းများအတွက် လေ့ကျင့်ရေးခန်းမများကို ဆောက်လုပ်ပေးထားသည်။

ထို့အပြင် ခန်းမတိုင်းတွင် အဝတ်လဲခန်း၊ သန့်စင်ခန်းနှင့် ပစ္စည်းသိမ်း Locker များကို ထည့်သွင်းတည်ဆောက်ထားပြီး ခန်းမတိုင်း၌ လေအေးပေးစက်များကို တပ်ဆင်ပေးထားသည်။

အားကစားဝန်ကြီးဌာနက အားကစားအဆင့်အတန်းမြင့်မားစေရန်၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်အသီးသီးမှ စခန်းဝင်လေ့ကျင့်နေကြသည့်အားကစားသမားများအား နေပြည်တော်၏ ရာသီဥတုနှင့် အကျွမ်းတဝင်ဖြစ်စေရန်နှင့် ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်များနည်းတူ အဆင့်မြင့်မြင့် လေ့ကျင့်နေထိုင်သွားလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

အာဖဂန်နစ္စတန်နိုင်ငံအတွက် တိုကျိုညီလာခံမှသည်...

တိုး ရေးသားသည်

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇူလိုင် ၈ ရက် (တနင်္ဂနွေနေ့)က ကျင်းပခဲ့သည်။ ထိုညီလာခံသို့ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၇၀ ခန့်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အာဘက်ဘက်တွင် ယိုယွင်းနေသည့် အာဖဂန်နစ္စတန်နိုင်ငံ တည်ဆောက်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေများကို ထောက်ပံ့ရန် ညှိနှိုင်းထည့်ဝင်ဖို့ နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက တိုကျိုညီလာခံသို့ တက်ရောက်လာကြခြင်းဖြစ်သည်။ (အောက်ပုံ)

တိုကျိုညီလာခံသို့ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့နှင့်အတူ ရုရှား၊ ဆော်ဒီအာရေဗျ၊ ကာတာ၊ တရုတ်၊ တောင်ကိုရီးယားနှင့် အခြားနိုင်ငံများမှ သံတမန်များနည်းတူ အီရန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ ဗြိတိန်၊ပြင်သစ်နှင့်ဩစတြေးလျဝန်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။

လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကို ပြန်ကြည့်လျှင် အမေရိကန် ဦးဆောင်သည့် နိုင်ငံခြားတပ်များ ၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်ကို ဝင်ရောက်ရာမှ အာဖဂန်နစ္စတန်စစ်ပွဲ အစပျိုးလိုက်ခြင်း ဖြစ်သည်။ ထိုထိုးစစ်ကြောင့် တာလီဘန်အစိုးရ အာဏာလက်လွတ်ဖြစ်သွားရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံခြားတပ်ဖွဲ့ဝင်အင်အား ထောင်ပေါင်းများစွာ ရှိနေသည့်တိုင်အောင် အာဖဂန်နစ္စတန်နိုင်ငံ တစ်နံတစ်လျားတွင် လုံခြုံမှုကင်းမဲ့လျက်ရှိသည်ကို တွေ့နိုင်သည်။

ဘဏ္ဍာငွေကြေးပိုင်းတွင် ကြည့်ပါက အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးမှာ အလွန်ပင် ချည့်နဲ့ ချွတ်ခြုံကျလျက်ရှိပြီး နိုင်ငံဆက်လက်ရပ်တည်နိုင်ဖို့ပင် နိုင်ငံခြားအကူအညီ အထောက်အပံ့များအပေါ် မှီခိုအားထားနေရသည်။ နိုင်ငံတကာဖွံ့ဖြိုးရေးနှင့် စစ်ရေးအကူအညီမှာ အာဖဂန်နစ္စတန် ဂျီဒီပီ၏ ၉၅ ရာခိုင်နှုန်းကျော် ရှိသည်ဟု ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ထားသည်။ တာလီဘန်တို့အာဏာလက်လွတ်ထွက်ပြေးရပြီးနောက် ရရှိထားသည့် အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအောင်မြင်မှုများကို ထိန်းသိမ်းကာကွယ်ရန်အတွက် နိုင်ငံတကာအလှူရှင်များက သူ့နိုင်ငံကို ဆက်လက်ကူညီထောက်ပံ့ကြပါရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက တိုကျိုညီလာခံ အဖွင့်မိန့်ခွန်းတွင် ပန်ကြားလိုက်သည်။

၂၀၁၄ ခုနှစ် နိုင်ငံတကာတပ်ဖွဲ့များ ရုပ်သိမ်းသွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံကို မည်သို့ ထောက်ပံ့ကူညီမည်ဆိုခြင်းကို ညီလာခံ၌ ဆွေးနွေးကြသည်။ လာမည့်နှစ်အတွင်း အရပ်ဘက်အထောက်အပံ့ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ပေးမည်ဟု ညီလာခံတွင် အလှူရှင်များက အာမခံလိုက်သည်။

အလှူရှင်များ၏ နိုင်ငံတကာ ကူညီထောက်ပံ့မှုများကို အာဖဂန်နစ္စတန်အတွက် လိုအပ်နေလျက်ရှိသည်။ နေတိုးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ ရပ်တည်နိုင်စွမ်းမရှိဘဲ ဖရိုဖရဲဖြစ်သွားမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်သည်။ အာဖဂန်နစ္စတန် ဂျီဒီပီ၏ ၉၅ ရာခိုင်နှုန်းအထိရှိသော နိုင်ငံတကာဖွံ့ဖြိုးရေးနှင့် စစ်ရေးအကူအညီအပေါ် အာဖဂန်နစ္စတန်စီးပွားရေးက မှီခိုနေရသည်မဟုတ်ပါလား။

ယခုတော့ အလှူရှင်နိုင်ငံများက အာဖဂန်နစ္စတန်နိုင်ငံသို့ နှစ်စဉ်အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ထောက်ပံ့ရန် ကတိပြုလိုက်ကြသည်။

အပြန်အလှန်အားဖြင့် ထိုရန်ပုံငွေများကို အဂတိလိုက်စားမှုကြောင့် မပျောက်မပျက် မဆုံးရှုံးရလေအောင် အာဖဂန်နစ္စတန်နိုင်ငံဘက်မှ ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် ထင်သာမြင်သာ ဖြစ်မှုများပြသရန် တာဝန်ယူဖို့ အလှူရှင်များဘက်က တောင်းဆိုလိုက်ကြသည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချထားကြောင်း ညီလာခံ အဖွင့်မိန့်ခွန်းတွင် ကတိပေး ပြောကြားလိုက်သည်ကို တွေ့ရသည်။

ထို့ပြင် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း တိုးတက်မှုများ ရရှိခဲ့သည့်တိုင်အောင် အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးမှာ မခိုင်မာဘဲ လုံခြုံမှုမရှိခြင်းက အဓိက အဟန့်အတားတစ်ခု ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ ကြွယ်ဝချမ်းသာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်မီ နှစ်ပေါင်းများစွာတိုင် မိမိတို့အာဖဂန်ပြည်သူတွေဘက်က ကြိုးပမ်းရမှာဖြစ်သလို နိုင်ငံတကာကလည်း ဆက်လက်ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း သမ္မတဟာမစ်ကာဇိုင်းက ထည့်သွင်းပြောကြားသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကလည်း အာဖဂန်နစ္စတန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ခိုင်မာမှုမရှိသေးကြောင်း အလားတူ ထောက်ပြ ပြောကြားလိုက်သည်။

ညီလာခံ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း အာဖဂန်နစ္စတန်နိုင်ငံတွင် ရရှိထားသည့် ပြောင်းလဲမှုများကိုထိန်းထားရန်အတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း အလေးထား ပြောကြားလိုက်သည်။

ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရန်၊ အုပ်ချုပ်မှုတိုးတက်ရန်၊တရားဥပဒေစိုးမိုးရန်၊ စီးပွားရေး အခွင့်အလမ်းများတွင် အာဖဂန်ပြည်သူအားလုံး အထူးသဖြင့် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ကြိုးပမ်းဖို့ ပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် တိုကျိုသို့ ညီလာခံတက်ရောက်မည့် ခရီးစဉ်၌ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်သို့ ဝင်ရောက်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်၏ နေတိုးအဖွဲ့ဝင် မဟုတ်သော မဟာမိတ်နိုင်ငံအဆင့် သတ်မှတ်လိုက်ကြောင်း ကြေညာခဲ့သည်။ ထိုအဆင့်မျိုးကို ၂၀၀၄ ခုနှစ်က ပါကစ္စတန်နိုင်ငံ နောက်ဆုံးရရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခု ၂၀၀၄ ခုနှစ် နောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံ အနေဖြင့် နိုင်ငံတကာအကူအညီများ အထိုက်အလျောက်ရရှိမည့် လက္ခဏာကို တိုကျိုညီလာခံက ပြသလိုက်ခြင်းဖြစ်ပါကြောင်း။ ॥ ***ကိုးကား-အင်တာနက်***

လက်ခံယူ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အမှတ် ၂၁ ထီးတန်းလမ်းမနေ ဒေါ်အေးကြိုင်အားရည်စူး၍ ဦးပေါ်ဦး ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြန်မာ့အလင်း ဘဝအမောပြေ

ဒီလိုပါ — အာကာဟိန်း-ရေးသားသည်

ရွှေဆိုင်တစ်ဆိုင်ကို ဖောက်ထွင်းမှုနှင့် တရားရုံးသို့ရောက်ရှိလာသော သူခိုးတစ်ဦးအား တရားသူကြီးက မေးမြန်းလေသည်။

တရားသူကြီး ။ ။ မောင်မင်း‥ရွှေဆိုင်ကို တစ်ညတည်း သုံးကြိမ် ဖောက်ထွင်းခဲ့တာ ဟုတ်ပါသလား။

သူခိုး ။ ။ ဟုတ်ပါတယ်။

တရားသူကြီး ။ ။ ဒါဆိုရင်‥အဲဒီရွှေဆိုင်က ခိုးယူထားတဲ့ ရွှေထည်ပစ္စည်းတွေ ဘယ်မှာထားလဲ။

သူခိုး ။ ။ ရွှေထည်ပစ္စည်းတွေ မယူခဲ့ပါဘူး တရားသူကြီးခင်ဗျား။

တရားသူကြီး ။ ။ ဒါဆို…ဘာပစ္စည်းယူခဲ့တာလဲ။

သူခိုး ။ ။ စိန်နားကပ်တစ်ရန်တည်းပါခင်ဗျာ။

တရားသူကြီး ။ ။ မဖြစ်နိုင်ဘူး‥မလိမ်နဲ့‥မောင်မင်းတစ်ညတည်း သုံးကြိမ်တောင် ဖောက်ထွင်းခဲ့တာမဟုတ်လား။

သူခိုး ။ ။ ဟုတ်ပါတယ်. . မိန်းမက စိန်နားကပ်ပုံစံမကြိုက်လို့ ဆိုင်ထဲ သုံးကြိမ်ဝင်ပြီး လဲခဲ့ရလို့ပါ. . ။

တရားသူကြီး ။ ။ “ဟေ”

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

❍ *ရှေ့ဖုံးမှ*

(၄)လသတ်မှတ်ပြီး One Stop Service ဖြင့် တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရ၏မူအရ ရန်ကုန်စည်ပင်နယ်နိမိတ် ပြင်ပလိပ်စာဖြင့်သာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်စည်ပင်အတွင်းဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်များတွင် စီးနင်းခွင့်မပြု၍ ၎င်းမြို့နယ်လိပ်စာများဖြင့် မှတ်ပုံတင်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ထန်းတပင်မြို့နယ်မှာ ရန်ကုန်စည်ပင်ပြင်ပမြို့နယ် ဖြစ်၍ ယခုဆောင်ရွက်နေသော စီမံချက်အရ ရန်ကုန်(မြောက်ပိုင်း) ခရိုင်ရုံးမှ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မော်တော်ဆိုင်ကယ်များကို(၁-၁-၂၀၁၀)ရက်မှစတင်ပြီး သွင်းကုန်လိုင်စင်ဖြင့်တင်သွင်းခွင့်ပြုပေးလျက်ရှိရာ သွင်းကုန်လုပ်ငန်းရှင်များက သက်ဆိုင်ရာအခွန်အခများကို ပေးဆောင်ပြီး တရားဝင်လိုင်စင်ဖြင့် ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချနိုင်ပါကြောင်း။

နယ်စပ်ဒေသများမှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့၏ အခွန်စည်းကြပ်မှုဖြင့် ဆိုင်ကယ်အရောင်းပြခန်းများအတွက် တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကိုလည်း မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းအရောင်းပြခန်းများမှ မှတ်ပုံတင်ပြီး ဆိုင်ကယ်များကို တရားဝင်ဝယ်ယူနိုင်လျက်ရှိပြီး ယခု One Stop Service ဖြင့် (၄)လတာဆောင်ရွက်ပြီးပါက တရားမဝင်ဆိုင်ကယ်များကို ဆိုင်တင်ရောင်းချခြင်းမပြုရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသို့ အကြောင်းကြား၍ တရားဥပဒေအရ အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန်၏ **သနပ်ပင်-သက္ကလ-ခရမ်းလမ်းနှင့်ကဝ-အုန်းနဲ့ရွာလမ်း(၂)လမ်းအား တိုးချဲ့ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို၏ **ဆီဆိုင်မှ ထီးစခါးလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်း၊ ဟိုပုံးမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ၏ **ဟိုပုံး-မိုင်းပြင်း မိုင်တိုင်အမှတ် (၁၁/၀) မှ (၁၇/၀)အထိ မြေသားလမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ပဲခူး-သနပ်ပင်-သက္ကလအပိုင်းနှင့် ခရမ်း-သုံးခွ-သန်လျင်အပိုင်းတို့တွင် (၁၂)ပေအကျယ် ကတ္တရာလမ်းအပါအဝင် (၁၈)ပေ လမ်းအကျယ်ရှိပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် သက္ကလ-ခရမ်းအပိုင်း (၁၀)မိုင်(၇)ဖာလုံမှာ တာပေါင်ကျဉ်း၍ မြင့်သည့်အတွက် လမ်းတာပေါင်အကျယ်ချဲ့၍ အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကဝ-အုန်းနဲ့လမ်း လမ်း-တံတားပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လမ်းအကျယ်တိုးချဲ့ဆောင်ရွက်ရေးကို ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ဆီဆိုင်-ထီးစခါးလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၃၈၈)ခွဲဝေထားရှိပြီး ကျောက်လမ်းမှ ကတ္တရာလမ်း(၃)မိုင်နှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂)မိုင် ဆောင်ရွက်ရန် လျာထားသည့်အပြင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်လည်း လမ်း-တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ကျန်ရှိသည့်အပိုင်းများကို အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရန် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ ဟိုပုံး-မိုင်းပြင်းလမ်းအပိုင်းအား အဆင့်မြှင့်တင်ပေးရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရ၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်(မိုင် ၁၁/၀)မှ (၁၇/၀အထိ)မြေသားလမ်း(၆)မိုင်နှင့် (မိုင် ၁၁/၀ မှ ၁၄/၀)ထိ (၃)မိုင်ကို အမာခံလမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသော (၁၄/၀ မှ ၁၇/၀ ထိ) (၃)မိုင်ကို အမာခံကျောက်လမ်းခင်းရန် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **ကျေးလက်ကျန်းမာရေးဌာနများတွင် သောက်သုံးရေသန့်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်၏ **ကျန်းမာရေးဌာနများတွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **အထွေထွေရောဂါကုဆေးရုံကြီးတွင် အချုပ်လူနာဆောင်မရှိခြင်းနှင့် သင်ကြားရေးဆေးရုံကြီး၌ အခက်အခဲများကြုံတွေ့နေရခြင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** နောင်ချိုမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပြည့်ဝစွာ ရရှိစေရန်အတွက် ဉာဏ်တောကျေးရွာ၌

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိရေးကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဖွဲ့စည်းပုံအဆိုပြုချက်များ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ပင်မကျေးလက်ကျန်းမာရေးဦးစီးဌာနများနှင့်ဌာနခွဲများတွင် ရေလိုအပ်နေပါသဖြင့် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေသိုလှောင်ကန်ပြုလုပ်ခြင်းကို သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး ရေသိုလှောင်ကန်ပြုလုပ်ရန်လိုအပ်သော ပစ္စည်းများထုတ်ယူရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနများမှတစ်ဆင့် မြို့နယ်များသို့ အကြောင်းကြားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ မြောက်ဥက္ကလာပသင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးတွင် အချုပ်လူနာဆောင် (Guard Ward) ဆောက်လုပ်ရန် သင့်တော်သည့်မြေနေရာရှာဖွေ၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူနာများ သွားလာသယ်ယူပို့ဆောင်ရေး လွယ်ကူမှုရှိစေရေးအတွက် ဓာတ်လှေကားတစ်စင်းကို တပ်ဆင်ထားရှိပြီးဖြစ်သည့်အပြင် ထပ်မံလိုအပ်သော နှစ်ထပ်ဆောင်ဆေးရုံသုံး ဓာတ်လှေကားတစ်စီးကို အဆောက်အအုံအပါအဝင် ဆောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူသော လူနာများအတွက် လိုအပ်သော အောက်ဆီဂျင်ကို ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် Air-Sep များနှင့် အောက်ဆီဂျင်စလင်ဒါအိုးကြီးများ ထပ်မံထောက်ပံ့ပေး၍ အောက်ဆီဂျင်လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းသော ဒုတိယသမ္မတတစ်ဦးနှင့်စပ်လျဉ်း၍ ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့်ပြည့်စုံမှု ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ရာ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးအား ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က သဘောတူသည့်အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အရည်အချင်းနှင့်ပြည့်စုံမှု ရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ဆုံးဖြတ်သည်။

အဆိုပါဆွေးနွေးခြင်းကဏ္ဍ ၌ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၏ **နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်သင်ကြားပေးရေး**အဆိုနှင့်စပ်လျဉ်း၍ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်တို့က ထောက်ခံဆွေးနွေးကြရာတွင် နိုင်ငံတော်၌ အားကစားနှင့်ပညာရေး ပေါင်းစပ်သည့် ကျောင်းများ၊ အားကစားနှင့်ကာယသိပ္ပံကျောင်းများကို အဆင့်မြှင့်တင်ပြီး ပြည့်စုံလုံလောက်သော နည်းပြကောင်းများ၊ နည်းစနစ်မျိုးများရှိလာမှသာ နိုင်ငံတကာအဆင့်မီ အားကစားတက္ကသိုလ်တစ်ခု မဖြစ်မနေဖွင့်လှစ်ဆောင်ရွက်လျှင် ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အသီးသီးနှင့် တပ်မတော်တပ်ရင်း တပ်ဖွဲ့များမှ ရွက်ပုန်းသီးအားကစားသမားများကို ရှာဖွေဖော်ထုတ်ပြီး အားကစားတက္ကသိုလ်မှ ထွက်ပေါ်လာမည့် အဆင့်မီအားကစားနည်းပြများက စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားမှုကို ကျယ်ပြန့်စွာပြုလုပ်နိုင်အောင် အစီအမံများ ပြုလုပ်ပေးသင့်ပါကြောင်း၊ သို့မှသာ မြန်မာ့အားကစား ကမ္ဘာကိုရင်ပေါင်တန်းနိုင်သောအဆင့်သို့ မျှော်မှန်းနိုင်မည်ဖြစ်ပါကြောင်း၊ အားကစားအတတ်ပညာ လက်တွေ့ကျွမ်းကျင်ပြီး အားကစားနည်းစနစ်များ၊ ထိုးထွင်းတီထွင်ကြံဆနိုင်သည့် အားကစားအတတ်ပညာရှင်၊ အသိပညာရှင်များ အမြန်ဆုံးမွေးထုတ်ပေးနိုင်ရန်အတွက် အားကစားတက္ကသိုလ် အမှန်တကယ်လိုအပ်နေပြီဖြစ်သည့်အတွက် နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်သင်ကြားပေးရေးအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပပြီးစီးပါကလည်း (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် ရည်ရွယ်၍အားကစားကွင်း၊ အားကစားရုံနှင့် အဆောက်အအုံများကို စနစ်တကျပြန်လည်အသုံးချခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ရာ နေပြည်တော် ဇမ္ဗူသီရိ အားကစားဇုန် (Sports Complex)ကို အသုံးပြု၍ အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်မည်ဆိုပါက အားကစားတွင်သာမက ပညာရေးပါထူးချွန်သည့် လက်ရွေးစင်မျိုးဆက်သစ် အားကစားသမားများကို ပိုမိုမွေးထုတ်ပေးနိုင်ခြင်း၊ အရည်အချင်းပြည့်ဝသည့် အားကစားအရာရှိ၊ နည်းစနစ်မျိုးများ ပေါ်ထွက်လာနိုင်ခြင်း၊ ခေတ်မီသိပ္ပံနည်းကျ အားကစားနှင့် ကာယပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတကာ အားကစားတက္ကသိုလ်များနှင့် ခေတ်မီအားကစားပညာရပ်များ၊ အားကစားအတွေ့အကြုံများ ဖလှယ်နိုင်ခြင်းအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

အားကစားဝန်ကြီးဌာနအနေဖြင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ကိုက်ညီမှုရှိသည့်အပြင် မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် အားကစားတက္ကသိုလ်တစ်ခုတည်ရှိရန် လိုအပ်လျက်ရှိပါကြောင်း တွေ့ရှိနေရပါသဖြင့် အဆိုကို သဘောတူညီပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြုမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ ၌ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းရေး** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့် ပတ်သက်၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီအရောက် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သော**၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဥပဒေကြမ်း ကော်မတီ

ကဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် မေးမြန်းစဉ်။ (သတင်းစဉ်)

ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ကြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော **၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေး၌ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး အစည်းအဝေးအဌမနေ့ကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံး(ခ) အသင်းမှ ရရှိသော တံခွန်စိုက် ဒိုင်းဆုကြီးကို အနောက်ပိုင်းခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်ထံ ခရိုင်အား/ကာမှူး ဒေါ်မိမိမော်နှင့် အားကစားသမားများက လွှဲပြောင်းပေးအပ်စဉ်။ (မြန်မာ့အလင်း)

ဇူလိုင် ၃ ရက်က မတ္တရာမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးသူတို့ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မန်ကျည်း၊ ကုက္ကို၊ တမာနှင့် မယ်ဇယ်သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မောင်မောင်ကျော်)

◆ *ကျောဖုံးမှ*

ထို့အပြင် ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းဖော်ဆောင်မှုအတွက် အခြေခံမူဘောင်နှင့်အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးရန် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေရေး ကြေးရေးပြီးပြည့်စုံမှု (Financial Inclusion for National Development - FIND) စီမံကိန်းကို အဆိုပြုထားသည်။ ၎င်းတို့ အဆိုပြုထားသည့် FIND စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းသို့ ဝင်ရောက်လုပ်ကိုင်မှုများ တိုးတက်စေရန်၊ အမျိုးသမီးများလုပ်ငန်းရှင်ဖြစ်စေမည့် အခွင့်အလမ်းရရှိစေရန်နှင့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို အထောက်အကူဖြစ်စေရန်တို့ဖြစ်ကြောင်း သိရှိရသည်။အလားတူ ကမ္ဘာ့ဘဏ်က မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်မှုလုပ်ငန်း (Myanmar Microfinance Supervisory Enterprise-MSE) ကို ပံ့ပိုးပေးမည်ဖြစ်ပြီး ယင်းသို့အကူအညီပေးရာတွင် (၁)အသေးစားငွေရေးကြေးရေး ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ခြင်းဖြင့် အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးမှု အဖွဲ့အစည်း ထူထောင်ခြင်း၊ (၂) မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်မှုလုပ်ငန်း (MSE) ၏ တာဝန်များ ထမ်းဆောင်ရန်အတွက် ယင်းလုပ်ငန်းနယ်ပယ်တွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ (၃)ငွေချေးယူသူများအား သုံးသပ်ခြင်းနှင့်စာရင်းထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ အသေးစားငွေထုတ်ချေးသူများ၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် (၄) ငွေရေးကြေးရေးပညာပေးမှုနှင့် အသိပေးမှုလုပ်ငန်းများဆောင်ရွက်ခြင်းဟူသည့်လုပ်ငန်း နယ်ပယ်လေးခုကို အဓိကထားဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်ရုံးခွဲကို ရန်ကုန်မြို့တွင်ဖွင့်လှစ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကြို့ပင်ကောက်၌ ပညာသင်ထောက်ပံ့

ကြို့ပင်ကောက် ဇူလိုင် ၁၂

ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူ ၃၃ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၄၄၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၁၁)

● *ရှေ့ဖုံးမှ*

မည်သို့ပြုပြင် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ရုပ်ရှင်ရုံများတွင် နိုင်ငံတော် အလံပြသနေစဉ် ရုပ်ရှင်ကြည့်ပရိသတ်များမှ နိုင်ငံတော်အလံကို အလေးပြုမှု အားနည်းလာသည့်အတွက် သတိပေးစာသားအဖြစ် **"နိုင်ငံသားတိုင်းသည် မိမိ နိုင်ငံတော်၏ အလံတော်ကို လေးစားစွာအလေးပြုကြသည်"** ဟု မြန်မာစာသားကို လည်းကောင်း၊ **"All Citizens Pay Respects to their National Flag"** ဟု အင်္ဂလိပ်စာသားကိုလည်းကောင်း အလံတော်မပြသမီ Slide Projector ဖြင့် ပြသခြင်းကို ရုပ်ရှင်ရုံများတွင် ၂၀၀၆ ခုနှစ်မှစ၍ ဆောင်ရွက်စေလျက်ရှိပါကြောင်း။

ရုပ်ရှင်ကြည့်ပရိသတ်အနေဖြင့် နိုင်ငံတော်အလံအလေးမပြုခြင်းကို ယခင်ခေတ်ကာလက ရုပ်ရှင်ရုံများတွင် စည်းကမ်းထိန်းရဲများထားရှိပြီး ရုပ်ရှင်ပြသချိန်တွင် နိုင်ငံတော်အလံအား အလေးပြုခြင်းမရှိသူများကို ရုံပြင်သို့ခေါ်ထုတ်၍ ဒဏ်ရိုက်အရေးယူခြင်းဆောင်ရွက်ခဲ့ဖူးပါကြောင်း။

နိုင်ငံတော်အလံ ဥပဒေနှင့်နည်းဥပဒေများတွင် ရုပ်ရှင်ရုံများ၌ နိုင်ငံတော်အလံ အလေးပြုရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်ရန် ထည့်သွင်းဖော်ပြထားခြင်း မရှိသေးပါသဖြင့် ရုပ်ရှင်ရုံအတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိထုတ်ပြန်ထားသော နိုင်ငံတော်အလံ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန် ဆောင်ရွက်သင့်ပါကြောင်း။

ယင်းသို့ အမိန့်နှင့်ညွှန်ကြားချက်များထုတ်ပြန်ပြီးပါက ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်ရုံများတွင် နိုင်ငံတော်အလံပြသပါက အလေးပြုကြပါရန်နှင့် လိုက်နာခြင်းမရှိသူကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ရုံပြင်သို့ခေါ်ထုတ်၍ အသိပညာပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးဆိုင်းဘုတ်များကို ရုပ်ရှင်ရုံများ၏ ရုပ်ရှင်ကြည့်ပရိသတ်များ မြင်သာမည့်နေရာများ၌ ရေးသားချိတ်ဆွဲဆောင်ရွက်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အလံအလေးပြုရန်အတွက် ရုပ်ရှင်မပြမီ အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်းကို ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရုံပိုင်ရှင်များအနေဖြင့်လည်း ကြီးကြပ်ရေးဝန်ထမ်းများခန့်ထားပြီး နိုင်ငံတော်အလံပြသနေစဉ် အလေးပြုရေးပရိသတ်အား လိုက်လံ နှိုးဆော်ကြပ်မတ်စေမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်၏ **လောင်းလုံမြို့မအားကစားကွင်းကြီးအား ပြန်လည်မွမ်းမံပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက လောင်းလုံမြို့နယ် အားကစားကွင်း ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းပေးရန် ကိစ္စသည် အနည်းငယ် သီးခြားစဉ်းစားပေးရမည်ဖြစ်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပပြီးစီးမှသာ တိုင်းဒေသကြီး အစိုးရနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဦးစားပေး မြို့နယ်အလိုက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **ဘဏ်အပ်ငွေပေါ်တွင်ရရှိသော အတိုးနှုန်းနှင့်ဘဏ်မှရင်းနှီးမြှုပ်နှံမှုများအတွက် ပြန်လည်ချေးယူသော အတိုးနှုန်းကွာခြားချက်ပမာဏမှာ အာဆီယံနိုင်ငံရှိ နိုင်ငံများ၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကွာခြားမှု ရှိ/မရှိနှင့် အတိုးနှုန်းသည် နိုင်ငံတွင်းစက်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အကျိုးသက်ရောက်မှု ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြန်မာနိုင်ငံ၏ ဘဏ်အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းမှာ (၈)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ အပ်ငွေအပေါ်ပေးသည့်အတိုးနှုန်းမှာ လာအိုနိုင်ငံတွင် (၃) ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် (၆ ဒသမ ၁၀)ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင်(၆ ဒသမ ၆၈) ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် (၀ ဒသမ ၁၃) ရာခိုင်နှုန်း၊ ဘရူနိုင်းနိုင်ငံတွင် (၀ ဒသမ ၃၅) ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် (၂ ဒသမ ၆၃) ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် (၃ ဒသမ ၂၆) ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် (၂ ဒသမ ၉၉) ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် (၁၄) ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံတွင် (၃ ဒသမ ၅၀) ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံတွင် (၄ ဒသမ ၀၉) ရာခိုင်နှုန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် (၁၀ ဒသမ ၇၈) ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

အားကစားဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦး အေး မြင့် ကြူ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ချေးငွေပေါ်ကောက်ခံသည့် အတိုးနှုန်းမှာ(၁၃)ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ ချေးငွေအပေါ်ကောက်ခံသည့်အတိုးနှုန်းမှာ လာအိုနိုင်ငံတွင် (၂၂)ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် (၁၇ ဒသမ ၀၀)ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် (၁၂ ဒသမ ၀၉)ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် (၅ ဒသမ ၃၈) ရာခိုင်နှုန်း၊ ဘရူနိုင်းနိုင်ငံတွင် (၅ ဒသမ ၅၀)ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် (၇ ဒသမ ၁၃)ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် (၆ ဒသမ ၂၁)ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် (၅ ဒသမ ၁၀)ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် (၁၅ ဒသမ ၃၂) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခြားနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံတွင် (၆ ဒသမ ၅၆)ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံတွင် (၅ ဒသမ ၆၉)ရာခိုင်နှုန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် (၁၃ ဒသမ ၀၀) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများ၏ အပ်ငွေပေါ်ပေးသည့်အတိုးနှုန်းနှင့် ချေးငွေပေါ်ကောက်ခံသည့်အတိုးနှုန်းများမှာ များစွာကွာခြားမှုမရှိသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဘဏ်များမှချေးငွေစုစုပေါင်း ငွေကျပ် (၃၇၃၃၄၅၁ ဒသမ ၃၆) သန်း ထုတ်ချေးထားရှိရာတွင် ကုန်သွယ်မှုလုပ်ငန်းသို့ (၂၉ ဒသမ ၈၈)ရာခိုင်နှုန်း၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းသို့ (၂၁ ဒသမ ၄၄) ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းသို့ (၁၉ ဒသမ ၂၉)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းသို့ (၁၀ ဒသမ ၁၈) ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသို့ (၈ ဒသမ ၈၆)ရာခိုင်နှုန်း၊ အထွေထွေလုပ်ငန်းသို့ (၈ ဒသမ ၅၄)ရာခိုင်နှုန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသို့ (၁ ဒသမ ၈၁) ရာခိုင်နှုန်း အသီးသီးထုတ်ချေးထားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းသို့ အများဆုံးထုတ်ချေးထားပြီး စက်မှုလုပ်ငန်းသို့ တတိယအများဆုံးနှင့် စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းသို့ ဒုတိယအများဆုံး ထုတ်ချေးထားသောကြောင့် မြန်မာနိုင်ငံ၏ လက်ရှိချေးငွေအပေါ် ကောက်ခံသောအတိုးနှုန်းသည် စက်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့သစ်၊ အိုးသည်ကုန်းမြို့နှင့် မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တို့ရှိ မီးသတ်ယာဉ်ဟောင်းများ လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက သက်တမ်းလွန်မီးသတ်ယာဉ်များ အစားထိုးဖြည့်တင်းရာတွင် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာအုပ်စုအလိုက် အိမ်ခြေနှင့် လူဦးရေ ထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ နိုင်ငံပိုင်/ပုဂ္ဂလိကပိုင် စက်ရုံ/ အလုပ်ရုံများတည်ရှိမှု၊ (၁၀)နှစ်အတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်မှု အကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ် ဝင်/ထွက်နိုင်သည့် လမ်းများစသည့် အချက်များပေါ်တွင် မူတည်၍ ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာနေ လယ်သမား**

သမ္မတရုံး ဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီး ဦးစိုးမောင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

မစန်းအား တရားစီရင်မှုမမျှတခြင်း မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ ဦးဖုန်းမြင့်အောင်၏ **တရားရုံးများတွင် စောင့်ဆိုင်းနားနေခန်း စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းကပြန်လည်ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** သက်ဆိုင်ရာရုံးများမှ အမှုတွဲများအား တောင်းခေါ်စိစစ်ကြည့်ရှုရာတွင် အဆိုပါအမှု ဖြစ်စဉ်ဖြစ်ရပ်မှန်များမှာ လေးမျက်နှာမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၂၃/ ၂၀၀၉ တွင် တရားလို ဦးစိုးဝင်းက တရားပြိုင် ဒေါ်မစန်းအပေါ်ချေးငွေ (၁၂၂၀၀၀၀) ကျပ် ရလိုမှုစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း။

အမှုဖြစ်စဉ် ဖြစ်ရပ်မှန်များကို မြို့နယ်တရားရုံး၊ အမှုတွဲနှင့်ခရိုင်တရားရုံး အမှုတွဲများတွင် နှစ်ဖက်အမှုသည်များနှင့် နှစ်ဖက်ရှေ့နေရှေ့ရပ်များရှေ့မှောက်၌ သက်သေထွက်ဆိုချက်များကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားပြီးဖြစ်ရာ နောက်ထပ် စုံစမ်းစစ်ဆေးပေးရန် အစီအစဉ်မရှိပါကြောင်း။

မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးတို့၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သည့်အတွက် ယင်းတရားရုံးများ၏ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ပေးရန်လိုအပ်မည် မဟုတ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးများအတွက် သက်သေများ၊ အမှုသည်များနားနေရန် အဆောက်အအုံဆောက်လုပ်ရန်အတွက် လုံလောက်သည့်နေရာ၊ လုံလောက်သည့်ရန်ပုံငွေများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များကခွဲဝေချထားပေးခြင်းဖြင့် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် တရားရုံးများအတွက် ကျယ်ဝန်းသန့်ပြန့်သည့် တရားခွင်များ၊ ပြည့်စုံလုံလောက်သည့် ရုံးခန်းများဆောက်လုပ်ရန် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများရှိပါသဖြင့် လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **အုပ်ချုပ်ရေးပိုင်း၌ တာဝန်ယူရသော ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ တစ်နေရာတည်းတွင် (၃)နှစ်ထက်မပိုစေဘဲ ပြောင်းရွှေ့တာဝန်ချထားပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက **အခြေခံပညာအထက်တန်းကျောင်း (တက္ကသိုလ်ဝင်တန်း)စာမေးပွဲကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စစ်ဆေးအတန်းတင်ပေးကာ ဝင်ခွင့်စာမေးပွဲဖြင့်စိစစ်၍ နှစ်သက်ရာတက္ကသိုလ်အသီးသီးတွင် တက်ရောက်ခွင့်ပြုရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတ တင်မြှောက်ရေးအတွက် စိစစ်ရေးအဖွဲ့ဝင်တစ်ဦးကိုရွေးချယ်ရန် လွှတ်တော်၏ဆန္ဒကို ရယူရာ လွှတ်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဘော်လီဘောဒိုင်လူကြီးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဘော်လီဘောဒိုင်လူကြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များ၊ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စောဝင်းသောင်၊ ဘော်လီဘော ဒိုင်လူကြီး သင်တန်း ညွှန်ကြားရေးမှူး Mr.Songsak Chareonpong (ထိုင်း)နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

<u>နှုတ်ခွန်းဆက်</u>

ဆက်လက်၍ ဘော်လီဘောဒိုင်လူကြီး သင်တန်းညွှန်ကြားရေးမှူး Mr. Songsak Chareonpong (ထိုင်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ ဘော်လီဘောဒိုင်လူကြီး သင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိခုနစ်ဦးနှင့် အခြားအဆင့် ၁၃ ဦး ပေါင်း ၂၀၊ ဝန်ကြီးဌာနနှင့် ကလပ်အသင်းများ အပါအဝင် စုစုပေါင်း ၃၅ ဦး တက်ရောက်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၁၂ (သောကြာနေ့)

<u>နံနက်ပိုင်း</u>

၅:၄၀	**ခရီးနှားနဲ့ ခရီးသွား** တရားတော် ဆရာတော်အရှင်ကေသရ (ရွှေမင်းကံ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၁)
၇:၃၀	MRTV -4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၅)
၁၀:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၅)
၆:၀၀	MRTV -4 သတင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၂)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၆)
၁၁:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၆)
၁၂:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၆)

ဇူလိုင် ၃ ရက်က မုဒုံမြို့ မြို့မ(၄)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (မြန်မာ့အလင်း)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အမ်းမြို့၌ ကျင်းပ

အမ်း ဇူလိုင် ၁၂

ကျောက်ဖြူခရိုင် အမ်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ ကြီးမှူး ကျင်းပသော မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် အမ်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာန ကျောက်ဖြူခရိုင် လက်ထောက်ညွှန်ကြားရေးမှူးဦးဌေးမောင်၊ အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမ်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် အထက(၁)မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၄၀၀ ၊ ပျဉ်းကတိုးပင် ၄၀၀ ၊ အော်ရီရှားပင် ၄၀၀၊ မဲဇလီပင် ၄၀၀၊ မန်ကျည်းပင် ၄၀၀ တို့ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သုတေသနပညာရှင်များ သိပ္ပံနှင့်နည်းပညာရပ်များ မျက်ခြည်မပြတ်လေ့လာ နိုင်ငံတော်အတွက် လက်တွေ့ အသုံးချနိုင်မည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီတွင် မန္တလေးနည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) ၌ နည်းပညာတက္ကသိုလ်များ၏ ပဋ္ဌမအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲအခမ်းအနားကို ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်၌ သိပ္ပံနှင့် နည်းပညာရပ်များက ဦးဆောင်ပြီး အစစအရာရာ ပြောင်းလဲတိုးတက်နေသော အချိန်ကာလ၌ မိမိနိုင်ငံနှင့် မိမိလူမျိုးတိုးတက်ကြီးပွားနိုင်ရန် နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများနှင့်အတူ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားများ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ အရည်အချင်းမြင့်မားသော အသိပညာရှင်၊အတတ်ပညာရှင်များစဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးတို့အတွက် အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံ၌ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တစ်ပြေးညီတိုးတက်ဖြစ်ထွန်းစေရန် မျက်မှောက်ကာလအတွက်သာမက အနာဂတ်သို့ မျှော်မှန်းပြီး အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သော ပညာရှင်များ များစွာပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းတို့သည် မရှိမဖြစ်လိုအပ်သော အခြေခံအချက်များဖြစ်သည်ကို နားလည်သဘောပေါက်၍ လက်တွေ့ကျသော လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအတွက် လိုအပ်သော ပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့၊ ဇီဝနည်းပညာဘွဲ့၊ မဟာအင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့၊ အသုံးချ သိပ္ပံမဟာဘွဲ့၊ အင်ဂျင်နီယာနှင့် ဗိသုကာပါရဂူဘွဲ့၊ ဇီဝနည်းပညာပါရဂူဘွဲ့၊ အသုံးချ သိပ္ပံပါရဂူဘွဲ့စသော ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၁၉၉၆ ခုနှစ်မှ စပြီး ယနေ့အထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရများ၊ မဟာဘွဲ့ရများနှင့် ပါရဂူဘွဲ့ရများ စုစုပေါင်း တစ်သိန်းကျော်ကို မွေးထုတ်ပေးပြီးဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာ အတွေ့အကြုံများ ရရှိစေရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများကို နိုင်ငံတကာစာတမ်းဖတ်ပွဲများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများသို့ စေလွှတ်ပေးလျက်ရှိကြောင်း၊ ထိုသို့ သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထားဆောင်ရွက်ရာတွင် အထောက်အကူ ပြုစေရန်အတွက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်နှင့် နည်းပညာကောလိပ်များမှမဟာအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယနေ့တွင်လည်း အလားတူကျင်းပခြင်း ဖြစ်ကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ၊ ကွန်ပျူတာတက္ကသိုလ်များ၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် သုတေသနဌာနများတွင် တာဝန်ထမ်းဆောင်နေကြသော သုတေသနပညာရှင်များသည် တစ်နေ့တခြား တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့် နည်းပညာရပ်များကို မျက်ခြည်မပြတ် လေ့လာပြီး နိုင်ငံတော်အတွက်လက်တွေ့ အသုံးချနိုင်မည့် သုတေသနလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပီပီမိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများကို တိတိကျကျ လိုက်နာသွားကြရန်နှင့် မိမိတို့၏ မွန်မြတ်သော ပညာရေးဝန်ထမ်းဘဝကို ဂုဏ်ယူမြတ်နိုးမှုနှင့်အတူ ယုံကြည်ချက်၊ ခံယူချက်များ မှန်ကန်ခိုင်မာစွာထားရှိပြီး စံနမူနာပြဖြစ်အောင် ကြိုးစားအားထုတ်နေထိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနည်းပညာတက္ကသိုလ်ရှိ ပင်မစာသင်ဆောင် ပြန်လည်တိုးချဲ့ဆောက်လုပ်နေမှုများ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်များ၏ ပဋ္ဌမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ဝတ်စုံပေး

နေပြည်တော် ဇူလိုင် ၁၂

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများသို့ ဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင် **(အောက်ဝဲပုံ)**နှင့် တာဝန်ရှိသူများက ဝတ်စုံများကို ပေးအပ်ကြသည်။

ယင်းနောက် ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲများ၏ ကိုယ်စားလှယ်များက ကျေးဇူးတင်စကားပြောကြားကြသည်။

ယနေ့အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့များသို့ ဝတ်စုံ၂၀၁၆စုံနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများသို့ ဝတ်စုံ ၁၅၆၈ စုံ စုစုပေါင်း ဝတ်စုံ ၃၅၈၄ စုံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၃ ဒသမ ဝ၃ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ နမ့်ဆန်မြို့နှင့် ကျောက်တော်မြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့အလင်း သူ့အမြင် သူ့အတွေး

ရပ်ကွက်အတွင်း ဆိုင်ကယ်မစီးရ

ရန်ကုန် ဇူလိုင် ၁၂

စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် နေထိုင်သူတစ်ဦး ဖြစ်ပါသည်။ တစ်နေ့က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှိရာဘက်ဆီသို့ လမ်းလျှောက်သွားရင်း အုပ်ချုပ်ရေးမှူးရုံးတွင် အမှတ်မထင် ချိတ်ဆွဲထားသော စည်းကမ်းချက် ဆိုင်းဘုတ်ကလေးတစ်ခုကို ဖတ်မိသည်။ အဆိုပါ ဆိုင်းဘုတ်ကလေးတွင် "ရပ်ကွက်အတွင်း ဆိုင်ကယ်မစီးရ"ဟု ဖော်ပြထားပြီး အောက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးဟု အမှတ်အသားပါရှိသည်။ **(အောက်ပုံ)**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အချို့သောဌာနများကို လုပ်ငန်းလိုအပ်ချက်အရ ဆိုင်ကယ်စီးနင်းခွင့်ပြုထားသော်လည်း ရပ်ကွက်အတွင်းရှိ လမ်းများပေါ်တွင် ဌာနဆိုင်ရာ အမှတ်တံဆိပ်မပါသော ဆိုင်ကယ်များ မကြာခဏ ဖြတ်သန်းမောင်းနှင်သွားလာနေသည်ကို တွေ့နေရသည်။ လူငယ်အချို့သည် စတိုင်လုပ်၍ ဦးထုပ်မပါဘဲ မောင်းနှင်သွားလာနေကြသည်။ အများပြည်သူသုံး လမ်းမကြီးများပေါ်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှ တာဝန်ယူဖြေရှင်းပေးနေကြသော်လည်း ရပ်ကွက်များအတွင်းရှိ လမ်းများတွင် ထိန်းသိမ်းပေးသူမရှိဖြစ်နေသည်။ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူကလေးများ၏ ကျရောက်လာမည့် ဘေးအန္တရာယ်အတွက် တားဆီးပေးမည့်သူမရှိ ဖြစ်နေခဲ့သည်။ ကလေးများ ကျောင်းဆင်းကျောင်းတက် အချိန်များတွင် စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကားများနှင့် ထိခိုက်မိမည့်အရေးကို တွေး၍ မိဘများ စိတ်ပူနေခဲ့ကြရသည်။

ယခုအခါ သက်ဆိုင်ရာမှ ထိုသို့သော စည်းကမ်းချက်များ ထွက်လာသည့်အတွက် မိဘပြည်သူများ စိတ်အေးရသည့်အခြေအနေသို့ ရောက်လာပြီဖြစ်သည်။ အခြားသော လူနေရပ်ကွက်များအတွင်း၌လည်း ဆိုင်ကယ်စီးခြင်းကို ကန့်သတ်နိုင်ပါက ကောင်းလေစွ. . . . .။ **(၁၆၃)**



ဘုတ်ပြင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဘုတ်ပြင်း ဇူလိုင် ၁၂

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဘုတ်ပြင်းမြို့ ပုလဲရွှေရည်ဂေါက်ကွင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော် စသည့်အခြားအရိပ်ရပန်းအလှပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြရာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေဝင်းနှင့် သစ်တောဝန်ထမ်းများက စိုက်နည်းစနစ်များ ပြသပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၇-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယဉ်မင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
- ၈း၁၅ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈း၂၅ ရိုးမကျော်လွှားရဲ့နွယ်တံတား
- ၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်း အထူးပြု) (သမိုင်း)
- ၅း၁၀ မြန်မာစာ၊မြန်မာစကား
- ၅း၄၅ စုစည်းခံစား ကမ္ဘာ့အားကစား
- ၆း၀၀ ညနေခင်းသတင်း
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာ ရှိသေပါ** (အပိုင်း-၂၂)
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - **လျှပ်တစ်ပြက်ဟာသများ**

  နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ့်နေ့ရက်များ** (အပိုင်း-၂၂)

❐ *ကျောဖုံးမှ*

ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း တိုက်စစ်မှူးများ၏ကန်သွင်းချက်များအပေါ်ထောင် ဘေးထွက်ဖြစ်နေခဲ့သဖြင့် ဂိုးထပ်မံမသွင်းနိုင်ခဲ့ချေ။

သို့သော်ပွဲချိန် မိနစ် ၉၀ ၌ ဗန်ကူးဗားမှ မက်တော့စ်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေဖြစ်နေသော်လည်း တိုရွန်တိုမှ ဒန်ဖီးလ်က မိနစ် ၉၀ ပြည့်ပြီး လေလွင့်ချိန်အတွင်း ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီး တိုရွန်တိုက နောက်ကျဂိုးကြောင့် သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဇွန်လအတွင်း မီးလောင်မှု (၁၀၁)ကြိမ်ဖြစ်ပွား

ရန်ကုန် ဇူလိုင် ၁၂

၂၀၁၂ ခုနှစ် ဇွန်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၀၁ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး ၃၃ ကြိမ်၊ လျှပ်စစ်မီး ၁၈ ကြိမ်၊ မသမာသူ ရှို့မီး ၄၉ ကြိမ်၊ မိုးကြိုးပစ်တစ်ကြိမ် ပါဝင်ခဲ့ကာ အိမ်ခြေအဆောက်အအုံ ၄၈၈၉ လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၃၅၈၀၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူ ၄၀ သေဆုံး၍ ၅၈ ဦး ဒဏ်ရာရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

လေ့လာမိသရွေ့ ရေးချင်ပါသည်

ကျိုင်းမောင်မောင်

လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက သတင်းစာများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးခြင်းဟူသည့် ဆောင်းပါးတစ်ပုဒ်နှင့် အပြန်အလှန် ထိန်းညှိခြင်းဟူသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုခွင့်ရလိုက်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီရက်များအတွင်း သင်တန်းတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဘာသာရပ်ကို ပို့ချရန်ရှိသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြန်ပြန်အလှန်လှန် ဖတ်ရှုနေရချိန်ဖြစ်၍ ဆောင်းပါးများကို ဂရုတစိုက်ဖတ်မိခဲ့ပါသည်။ ဆောင်းပါးနှစ်ပုဒ်လုံး၏ အနှစ်သာရမှာ အပြန်အလှန်ထိန်းညှိခြင်းကိစ္စကို မီးမောင်းထိုးပြလိုကြောင်း ရိပ်စားမိပါသည်။ အပြန်အလှန်ထိန်းညှိခြင်း စကားရပ်ဖြစ်ပေါ်လာပုံ သမိုင်းမှစ၍ နိုင်ငံတော်အာဏာကို (ခွဲဝေ) ကျင့်သုံးခြင်း၊ အခြားအဖွဲ့အစည်းနှစ်ခုမှ ထိန်းညှိပေးခြင်း စသည်များကို နိုင်ငံခြားတိုင်းပြည်များ ဥပမာထား၍ ဖော်ပြထားရာ ဆောင်းပါးနှစ်ပုဒ်လုံး၏ ဆိုလိုရင်းသဘောသဘာဝမှာ ဆင်တူနီးပါးဖြစ်နေသည်ဟု ယူဆမိပါသည်။ ရှာဖွေတွေ့ရှိရန် မလွယ်သော (The Supremacy of the constitution) ဖွဲ့စည်းပုံအခြေခံဥပဒေစိုးမိုးရေး၊ (Interest Mission) ရည်မှန်းချက်များ၊ လွှတ်တော်နိုင်ငံရေး၊ "လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် **အာဏာ အလွဲသုံးစားပြုလုပ်လာပါက**" "ဗီတို" စသည့်အသုံးအနှုန်းများကိုလည်း တွေ့ရှိရပါသည်။

အဓိကအားဖြင့် အပြန်အလှန်ထိန်းညှိခြင်းကို (Reciprocal Check and Balance)ဟု ဖော်ပြထားချက်နှင့် ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်း၊ ပုဒ်မ ၁၁ (က) တွင် "နိုင်ငံတော်အာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်" ဟု ဖော်ပြထားပြီး အင်္ဂလိပ်ဘာသာပြန်ဆိုဖော်ပြရာ၌ "The three branches of sovereign power namely, Legislative power, executive power and judicial power are separated, to the extent possible and exert reciprocal control, check and balance among themselves"ဟု ဖော်ပြထားကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ရာ ဆောင်းပါးပါ (Reciprocal, Check and Balance) သို့မဟုတ် (Check and Balance) ဟူသော ဝေါဟာရအစား (Reciprocal control, check and balance among themselves)ဟုဖော်ပြခြင်းက ဆိုလိုရင်း အကြောင်းအရာ ပိုမိုအဓိပ္ပာယ်ပြည့်စုံမှန်ကန်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ကျွန်တော်နားလည်သရွေ့ ဤပုဒ်မတွင် ပြဋ္ဌာန်းထားချက်သည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် အာဏာသုံးရပ်ရှိရာ တရားဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်သို့လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို (နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့စသည်ဖြင့် အတိအကျဖော်ပြမထားသော်လည်း) နိုင်ငံတော်သမ္မတသို့လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်းကောင်း ခွဲဝေအပ်နှင်းသည်။ ထိုသို့ခွဲဝေအပ်နှင်းခြင်းခံရသည့် အာဏာကို သက်ဆိုင်ရာတို့က သုံးစွဲရာတွင် တတ်နိုင်သမျှပိုင်းခြားသုံးစွဲရမည်၊ တစ်ချိန်တည်းတွင် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုရမည်ဟု နားလည်ပါသည်။

ဆိုလိုရင်းမှာ လွှတ်တော်များက လွှတ်တော်များ၏ တာဝန်ဖြစ်သော ဥပဒေပြုရေးတာဝန်၊ နိုင်ငံတော်သမ္မတ/အစိုးရအဖွဲ့က ၎င်း၏တာဝန်ဖြစ်သော အုပ်ချုပ်ရေးတာဝန်၊ တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော် ၊ တရားရုံးများက ၎င်း၏တာဝန်ဖြစ်သော တရားစီရင်ရေးတာဝန်တို့ကို အသီးသီးပိုင်းခြားတာဝန်ယူကြရန် ဖြစ်သည်။

ထိုသို့ပိုင်းခြား၍ မိမိတာဝန်မိမိဆောင်ရွက်ကြရာတွင် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုလုပ်ရန် မလွဲမသွေလိုအပ်သဖြင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်း (Reciprocal control, check and balance among themselves)ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ကွယ်ပျောက်ခဲ့သော လွှတ်တော်များ ပြန်လည်ပေါ်ထွန်းလာချိန်တွင် (Check and Balance)ဟူသည့် ယခင်က အသုံးမများခဲ့သော စကားရပ်ကို အသုံးများလာပြီး စိတ်ဝင်စားသူပြည်သူများ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

လွှတ်တော်များ၏လုပ်ငန်းတာဝန်၊ သဘောသဘာဝကို အပြည့်အဝမလေ့လာကြသူများ၊ နားမလည်ကြသူများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်း စကားရပ်ကိုပင် ထိန်းညှိခြင်းဟု လျှော့လျှော့ပေါ့ပေါ့ ဖော်ပြကြသည်။ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းသည်ဖြစ်စေ၊ ထိန်းညှိသည်ဖြစ်စေ (Check and Balance) ဆိုသည်ကိုပင် အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူသူများ ရှိနေကြပါသည်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လမ်းညွှန်ပြဋ္ဌာန်းမှု၊ အထူးသဖြင့် အခန်း (၁)ပါ၊ ပုဒ်မ (၄၈)ခု ပါဝင်သော **နိုင်ငံတော်အခြေခံမူများ**နှင့်အညီ နိုင်ငံတော်ကို တည်ဆောက်နေရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော အာဏာသုံးရပ်ကို တာဝန်ခံသုံးစွဲရသည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များက တက်ညီလက်ညီ၊ အားတက်သရော၊ တက်ကြွစွာ ပါဝင်ထမ်းဆောင်နေကြသဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေကောင်းများ၊ ပြည်တွင်းမှာ တိုးတက်ဖြစ်ထွန်းနေသည်သာမက နိုင်ငံတကာအသိုင်းအဝိုင်းကပင် အံ့သြချီးမွမ်း အသိအမှတ်ပြုနေကြပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ရှားမှုအစီအစဉ်များမှာ ညင်သာ၊ သိမ်မွေ့စွာ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိပါသည်။

ဖြစ်ထွန်းပေါ်ပေါက်မှုများ၏ ဖန်တီးရှင်များမှာ ဥပဒေပြုမှုအာဏာကို ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များနှင့် အုပ်ချုပ်မှုအာဏာကို ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သို့ဖြစ်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရပုဒ်မ(၄၇)တွင် "နိုင်ငံတော်" ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

အဆိုပါပုဒ်မတွင် နိုင်ငံတော်သည် မည်သည့်အခြေခံမူ၊ အချက်အလက်များကို စွဲကိုင်၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် မည်သို့ဆောင်ရွက်ပေးမည်၊ မည်သို့ ခွင့်ပြုမည်ဟူသည့် ပြဋ္ဌာန်းချက်များပါရှိရာ ၎င်းပြဋ္ဌာန်းချက်များ အကောင်အထည်ပေါ်ရန် ဆောင်ရွက်ပေးရမည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များမှာ လွှတ်တော်ဥက္ကဋ္ဌများဦးဆောင်သည့် လွှတ်တော်များနှင့် နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရအဖွဲ့တို့ ဖြစ်သည်ဟု နားလည်မိပါသည်။

သို့ဖြစ်ရာ ဥပဒေပြု အာဏာရှိသူများနှင့် အုပ်ချုပ်ရေးအာဏာရှိသူများ၏ အခန်းကဏ္ဍမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် များစွာအရေးကြီးလှပါသည်။ အားလုံးမှာ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် ဦးတည်ဆောင်ရွက်နေကြသူများဖြစ်၍ တူညီသောရည်မှန်းချက်ပန်းတိုင်သို့ လက်တွဲညီညီ ဆောင်ရွက်ကြရန်သာဖြစ်ပါသည်။ ယင်းသို့လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြသဖြင့် အောင်မြင်မှုအသီးအပွင့်များကိုလည်း စတင်ခံစားနေရပြီဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ "အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်" ဆိုသည့်စကားရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရလျှင် အဖွဲ့အစည်း (၃)ခုသည် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းကြသည်၊ အင်္ဂလိပ်ဘာသာဖြင့် "Exert reciprocal control among themselves" ဟု ဖြစ်ပါသည်။ Control သည် ထိန်းကျောင်းခြင်းဖြစ်ပါသည်။ Check and Balance သဘောပျောက်နေပါသည်။ မည်သို့ဆိုစေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၂တွင် အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း လက်ခံရမည်သာဖြစ်ပါသည်။ ဤကဲ့သို့ဆိုလျှင် Check and Balance ကို ရှင်းရပါဦးမည်။

အမှန်မှာ Check and Balance ဟူသည့် ဝေါဟာရမှာ နိုင်ငံတကာဖွဲ့စည်းပုံများတွင် လွှတ်တော်များ၏ အခန်းကဏ္ဍနှင့်ဆက်စပ်၍ ယှဉ်ပါးနေသည့်ဝေါဟာရဖြစ်ပါသည်။ Balance ဆိုသည်ကို ညှိသည်၊ ထိန်းညှိသည်ဟုဖော်ပြကြပြီး Check ဆိုသည်ကို စစ်ဆေးသည်၊ စောင့်ကြည့်သည်ဟု (သိရှိကြမည်ဖြစ်သော်လည်း) ဖော်ပြခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်တော်လေ့လာမိသရွေ့ အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်မှာ ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေးအာဏာကျင့်သုံးသည့် အဖွဲ့အစည်း ပုဂ္ဂိုလ်များ အချင်းချင်း ဆက်သွယ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်၊ တည်ရှိရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် "Reciprocal Control" ဖြစ်ပါသည်။ ဒီလုပ်ငန်းစဉ်အတွက် လုပ်နည်းစနစ်များ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဖြစ်ပါသည်။ ရှင်းလင်းစေရန် ဖော်ပြရပါက အချင်းချင်းအပြန်အလှန် ထိန်းကျောင်းနိုင်ရန် မည်သည့်အဖွဲ့အစည်းက မည်သို့ဆောင်ရွက်ရမည်၊ ဆောင်ရွက်ရာတွင် အပြန်အလှန်ထိန်းကျောင်းမှု သဘောပါဝင်စေရန် ကျန်အဖွဲ့အစည်းက မည်သို့ ထိန်းကျောင်းနိုင်မည်၊ ထိန်းညှိနိုင်မည်ကို လုပ်ငန်းစဉ်၊ လုပ်နည်းစနစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွာခြားမှုရှိနိုင်ပါသည်။

Check and Balance ကို (တဲ့) ရေးရလျှင် တိုက်ရိုက်ဘာသာပြန်ဆိုရလျှင် စစ်ဆေးခြင်း၊ ထိန်းညှိခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သော်လည်း လက်တွေ့တွင် စစ်ဆေးခြင်း/ထိန်းကျောင်းခြင်းပြုလုပ်ရန် ဖြစ်ပါသည်။

ဥပဒေပြုရေးအာဏာကို သုံးစွဲရသည့်လွှတ်တော်များသည် ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းတာဝန်ကို ဆောင်ရွက်ရပါသည်။ နိုင်ငံတော်အတွက် အရေးကြီးသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ အချို့အသုံးစရိတ်များကို လျှော့၍ခွင့်ပြုခြင်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၏ အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟု တိတိကျကျ ဖော်ပြထားပါသည်။

ဖော်ပြပါလုပ်ငန်းတာဝန်များသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာလွှတ်တော်များက တာဝန်ယူဆောင်ရွက်သည့် အဓိကလုပ်ငန်းတာဝန်များဖြစ်ကြသည်။ လွှတ်တော်များ၏ လက်စွဲများတွင် အတိအကျဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

လွှတ်တော်များသည် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် လိုအပ်သောဥပဒေများကို ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များက တင်သွင်းလက်ခံဆွေးနွေးရာနေရာဖြစ်သည်။ ဥပဒေများဆိုရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဥပဒေများအပြင် နိုင်ငံတော်က နေ့စဉ်လက်တွေ့အကောင်အထည်ဖော်နေရသည့် စီမံကိန်းလုပ်ငန်းများသုံးစွဲနေရသည့် ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ ဥပဒေများလည်းအပါအဝင်ဖြစ်သည်။ နိုင်ငံတော်၏ စီမံကိန်းများဆိုင်ရာ ဥပဒေ၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းဆိုင်ရာ ဥပဒေများကို ဆွေးနွေးအတည်ပြု၊ ခွဲဝေပေးနိုင်သည့် အခွင့်အာဏာမှာ လွှတ်တော်များတွင်သာရှိကြောင်း အားလုံးနားလည်သဘောပေါက်သင့်ပေသည်။ ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားအတွက် ပြည်သူ့ကိုယ်စားလှယ်များက ဆွေးနွေး၊ စစ်ဆေးပေးခြင်းမှာ ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတကာလက်ခံထားသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ဤနေရာတွင် Check (စစ်ဆေးခြင်း)နှင့် Balance(ထိန်းကျောင်းခြင်း) လုပ်ငန်းပါဝင်လာပါပြီ။ လွှတ်တော်သည် မိမိဆွေးနွေး စိစစ်အတည်ပြုရန် တာဝန်ရှိသည့်အတိုင်း ဥပဒေကြမ်းများကို စိစစ်ရပါသည်။ တာဝန်ရှိသူများကို ဖိတ်ကြားဆွေးနွေးရသည်။ ပိုမိုရှင်းလင်းစွာသိရှိရန် မေးမြန်းရသည်။ ဤလုပ်ငန်းကို လွှတ်တော်တစ်ရပ်လုံးကိုယ်စား သက်ဆိုင်ရာဘာသာရပ်အလိုက် လွှတ်တော်ကော်မတီများက ဆောင်ရွက်နေပါသည်။

လွှတ်တော်များတွင် ကော်မတီများ၏အခန်းကဏ္ဍက များစွာအရေးကြီးပါသည်။ လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့်အညီ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကော်မတီများက ပိုင်းခြားတာဝန်ယူ၍ ဆောင်ရွက်ရသည်။ ကော်မတီများက ညှိနှိုင်းစိစစ်ပြီးမှ လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်မျက်နှာစုံညီအစည်းအဝေးသို့ တင်ပြရပါသည်။ ထိုအခါ အခြားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု၊ ပြင်ဆင်လိုမှု၊ အကြံပြုချက်များလည်း ပါဝင်လာနိုင်ပါသည်။ နောက်ဆုံးလွှတ်တော်တစ်ရပ်လုံးက ညှိနှိုင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရပါသည်။ အတိုချုပ်အားဖြင့် ဤလုပ်ငန်းစဉ်များအားလုံး **စစ်ဆေးခြင်း၊ ထိန်းကျောင်းခြင်း** လုပ်ငန်းများဖြစ်ပါသည်။

စစ်ဆေးခြင်း၊ ထိန်းကျောင်းခြင်းလုပ်ငန်းမှာ ဤတွင်ရပ်တန့်မနေပါ၊ အတည်ပြုပြဋ္ဌာန်းထားသည့် စီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ၊ နိုင်ငံတော်အတွက် အကျိုးပြု/မပြု၊ ပြည်သူများအတွက် အကျိုးပြု/မပြု၊ ခွင့်ပြုထားသည့် ပြည်သူ့ဘဏ္ဍာကို ထိရောက်စွာ အသုံးပြုခြင်းရှိ/မရှိများကိုလည်း စိစစ်၊ ထိန်းကျောင်းနိုင်ရန် လွှတ်တော်တွင် တာဝန်ရှိပါသည်။

ဤလုပ်ငန်းစဉ်ကို နိုင်ငံတကာလွှတ်တော်များကထမ်းဆောင်ကြရာ အခေါ်အဝေါ်အားဖြင့် (Check and Balance), (Scrutinize), (Monitor), (Oversight) စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်သုံးစွဲကြပါသည်။ အဓိပ္ပာယ်အားဖြင့် စိစစ်/ ထိန်းကျောင်းခြင်းပင်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လွှတ်တော်များတွင် ဤလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီများကို ဖွဲ့စည်းထားရမည်၊ တာဝန်သတ်မှတ်ပေးထားရမည်ဖြစ်သည်။ အချို့နိုင်ငံများတွင် (ဥပမာ-အိန္ဒိယ) ဌာနအလိုက် စိစစ်နိုင်ရန်၊ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် (ဌာနဆိုင်ရာများနှင့် ပတ်သက်သောကော်မတီများ) (Departmentally Related Committees) များ ဖွဲ့စည်းထားသည်။ ကော်မတီ ၂၄ ခုက ဝန်ကြီးဌာန ၅၃ ခုကို ခွဲဝေတာဝန်ယူရသည်။ အခြားနိုင်ငံလွှတ်တော်များတွင်လည်း ယင်းသို့ သတ်မှတ်ဆောင်ရွက်ခြင်းမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကော်မတီများအရေအတွက်နှင့် ပတ်သက်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူ၊ အမေရိကန်တွင် ၁၆ ခု၊ ပြင်သစ်တွင် ၈ ခု၊ ဂျာမနီတွင် ၂၂ ခု အသီးသီးရှိကြသည်။ ဤနေရာတွင် အရေးကြီးတာဝန်ကို ကိုင်တွယ်ဆောင်ရွက်၊ စိစစ်ညှိနှိုင်းရသည့် ကော်မတီများ၏ တာဝန်နှင့် အဆင့်အတန်းကို ခန့်မှန်းနားလည်ကြမည်ဟု ယူဆပါသည်။

ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့များသည် တာဝန်ကိုယ်စီ၊ လုပ်ပိုင်ခွင့်ကိုယ်စီ ရှိကြပါသည်။ ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်သလို၊ ကိုယ့်လုပ်ပိုင်ခွင့် နယ်/ဘောင်အတွင်းက ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းအပြင် ပြည်သူများနှင့် စတုတ္ထမဏ္ဍိုင်၏ သမာသမတ်ကျကျ စောင့်ကြည့်ထိန်းကျောင်းမှုကိုလည်း ခံယူရမည် ဖြစ်ပါသည်။

လွှတ်တော်သည် လွှတ်တော်၏တာဝန်၊ လွှတ်တော်၏လုပ်ငန်းကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လုပ်ဆောင်ကြရမည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ လူတစ်စု၊ တစ်ပါတီအတွက် ဆောင်ရွက်၍ မရပါ။ ဆောင်ရွက်ရန် မသင့်ပါ။ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်၊ အားလုံးအတွက် လုပ်ဆောင်ကြရမည်သာ ဖြစ်သည်။ အလားတူပင် အုပ်ချုပ်ရေးအဖွဲ့များ၊ တရားစီရင်ရေး အဖွဲ့များသည်လည်း ၎င်းတို့၏တာဝန်၊ ၎င်းတို့၏အလုပ်ကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လုပ်ဆောင်ကြရပါမည်။ လူပုဂ္ဂိုလ်အဖွဲ့အစည်းအတွက် မဖြစ်စေဘဲ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် လုပ်ဆောင်ကြရပါမည်။ နားလည်သဘောပေါက်ရန်၊ လက်ခံဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရပါမည်။

သို့ဖြစ်၍ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ထားသော အစိုးရအဖွဲ့၊ ပြည်ထောင်စုအဖွဲ့အစည်းအသီးသီးနှင့် ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာများသည် မိမိတာဝန်ကို မိမိကျေပွန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဒီမိုကရေစီကျင့်စဉ်များအတိုင်း ဆောင်ရွက်ကြမှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေနိုင်သော လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း လေ့လာမိသရွေ့ ရေးသားဖော်ပြအပ်ပါသည်။ ။

ဇူလိုင် ၈ ရက်က ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ဇီဝိတဒါနဆေးခန်းအတွက် အဘိုး ဦးဖိုးအောင်-ဒေါ်မြကြည်အားရည်စူး၍ မကွေးမြို့နေသမီး အထပြ(ငြိမ်း) ဒေါ်ခင်အေးမြင့်အောင်၊ မြေး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့က အလှူငွေကျပ် ၁၀သိန်းကို ဘိုးဘွားရိပ်သာဥက္ကဋ္ဌ (မိုး) ဦးမြင့်ထံသို့ လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ဇူလိုင် ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်သန်းနှင့် ဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနန်းညွန့်ဝင်းမော်က ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(၁၁၀)

ပြင်ဦးလွင်မြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

၂၀၁၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ပြင်ဦးလွင် ဂေါက်ကလပ်ကွင်း၌ ကျင်းပရာ တက်ရောက်လာသူများက ခါတော်မီ၊ ချယ်ရီ၊ ထင်းရှူး၊ ကျွန်းပင်၊ ရေပိတုန်း၊ ပိတောက်၊ ပနားမားငုမျိုးပင် စုစုပေါင်း အပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၁၂ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်ဖြင့် ကျေးရွာ ၁၄ရွာအတွက် ကျွန်းပင် ၆၀၀၀ ကို လည်းကောင်း၊ တစ်အိမ်ထောင် ယူကလစ်ပင် ၂၀ ဖြင့် ကျေးရွာပေါင်း ၂၇ ရွာအတွက် ယူကလစ်ပင်ပေါင်း ၅၀၀၀၀ကို လည်းကောင်း၊ တစ်ရွာလျှင် ယူကလစ်တစ်ဧကဖြင့် ကျေးရွာ ၁၅ ရွာအတွက် ယူကလစ်ပင် ၉၀၀၀ကိုလည်းကောင်း၊ လမ်းဘေးဝဲယာ ကျွန်းပင် ၁၀၀၀ ကို လည်းကောင်း၊ လူထုဖြန့်ပျိုးပင်အဖြစ် ပျိုးပင်ပေါင်း ၉၃၈၉၅ကိုလည်းကောင်း စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများက ငွေသုံးရာ့ လေးဆယ့်လေးသိန်း ရှစ်သောင်းနှစ်ထောင်ကိုးရာခုနစ်ကျပ်နှင့် ငွေကျပ် ရှစ်ဆယ့်သုံးသိန်း ရှစ်သောင်းလေးထောင့်နှစ်ရာတန်ဖိုးရှိ စားသောက်ကုန်၊ အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်း ၁၃ မျိုး၊ ဟာဂျီဆူးဘား(ခ) ဟာဂျီဦးကိုကိုကြီး (တစ်နိုင်) မိသားစုက ငွေကျပ်နှစ်ဆယ့်ငါးသိန်း၊ မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ညိုဝင်းမိသားစုက ငွေကျပ်လေးသောင်းနှင့် အဝတ်အထည်နှစ်ထုပ်၊ ဒေါ်အုံးကြည် မိသားစုက အဝတ်အထည်တစ်ထုပ်၊ ဦးမျိုးလွင်က အဝတ်အထည်နှစ်ထုပ်၊ ဦးဘတိုးနှင့်သားသမီးမြေးများက ငွေကျပ်သုံးသောင်းနှင့်သက်န်းသုံးစုံ၊ အဝတ်အထည်လေးထုပ်၊ မြန်မာ့စီးပွားရေးဦးပိုင် (ကုန်စည်ဝန်ထမ်း၊ ယာဉ်မောင်း၊ ယာဉ်ကူ)များက ငွေကျပ်နှစ်သိန်းတစ်သောင်းတစ်ထောင်၊ ဦးခင်ဝင်း-ဒေါ်တင်အေးမိသားစုက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ဦးသန်းနိုင်-ဒေါ်ကျင်နုမိသားစုကငွေကျပ်တစ်သောင်းနှင့် အဝတ်အထည်နှစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ **(အပေါ်ဝဲပုံ)** မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၈၂၇၁၀၇၂၃ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ သံတွဲမြို့နယ်၌ကျင်းပ

သံတွဲ ဇူလိုင် ၁၂

သံတွဲမြို့နယ်၌ ၂၀၁၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက သံတွဲမြို့ စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ပျိုးပင်များပေးအပ်သည်။ ဆက်လက်၍ သံတွဲခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်၊ သံတွဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေအောင်တို့က ပျိုးပင်များကို ဆက်လက်ပေးအပ်ရာ သံတွဲခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လက်ခံယူကြသည်။

ထို့နောက် ကျွန်း၊ ပျဉ်းကတိုး၊ စိန်ပန်း၊ ငု၊ စွယ်တော်၊ ခရေ၊ ပုန်းညက်ပင် စုစုပေါင်း အပင် ၁၅၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ထွေ/အုပ်)

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲနှင့် နည်းပညာပေးဆွေးနွေးပွဲ ရေကြည်မြို့နယ်၌ ကျင်းပ

ရေကြည် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲနှင့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ကိုင်းချောင်ကျေးရွာအုပ်စု၌ ဇွန် ၂၈ ရက်က ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝေ၊ ခရိုင်ဦးစီးမှူး ဦးစိုင်းကြာအုံ၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူးနှင့် ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က တောင်သူများအား စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ နည်းပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **မင်းဇော်ဦး (ရေကြည်)**

လမ်းလေးကောင်းသွားမည်ဆိုလျှင်

နေလင်း-သတင်းစဉ်

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျလှသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမှ အဆိုပါဒေသ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၅၂)ရပ်ကွက်သည် ယခင် "မဒရွာ" လေးကို အခြေခံပြီး တည်ထားသောကြောင့် သစ်ပင်ကြီးများအုံ့ဆိုင်းကာ အရိပ်အာဝါသကောင်းလှခြင်းကြောင့် ရပ်ကွက်လေးသည် နေချင်စဖွယ်ကောင်းနေသည်။

ရပ်ကွက်အဝင်လမ်းဘေး တစ်ဖက်တစ်ချက်တွင် သပြေပင်များနှင့် စိမ်းစိုနေသည်။ ရပ်ကွက်အတွင်း မူလတန်းကျောင်းမှ ကလေးများစာကျက်သံနှင့် ရွာဦးစေတီလေးမှ ထွက်ပေါ်လာသည့်ဆည်းလည်းသံတို့သည် ရပ်ကွက်လေး၏ အလှပုံရိပ်ကို ပိုမိုတင့်တယ်စေသည်။ ရပ်ကွက်အတွင်းနေထိုင်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အလုပ်သွား အလုပ်ပြန်များသည် အမှတ်(၅၂)ရပ်ကွက်၏ ထိပ်မှနေ၍ ရပ်ကွက်အတွင်းပိုင်းကို ဖောက်လုပ်ထားသည့် တစ်ခုတည်းသော အောင်သပြေလမ်းလေးကို အဓိကအားထားပြီး သွားလာနေကြရသည်။ ယခုကဲ့သို့သော မိုးတွင်းရောက်ပြီဆိုလျှင် အောင်သပြေလမ်းတစ်လျှောက် ရွှံ့ဗွက်များက လမ်းလျှောက်၍မရအောင် ပြည့်နှက်နေသည်။ ရပ်ကွက်အတွင်းနေထိုင်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အလုပ်သွား အလုပ်ပြန်ကြသူများအတွက် အလွန်ဒုက္ခရောက်ရသည်။ ကျန်းမာရေးမကောင်း၍ ညရေး ညတာ ဆေးရုံဆေးခန်းသွားဖို့ ခက်ခဲနေသည်။ ***(အောက်ပုံ)***

အဆိုပါလမ်းကလေးကို ရပ်ကွက်နေသူများက တတ်နိုင်သလောက် ပြုပြင်ကြသော်လည်း ထင်သလောက်အရာမရောက်ခဲ့ပါ။ သက်ဆိုင်ရာမှ အောင်သပြေလမ်းလေးအား ပြုပြင်ပေးပါက လမ်းလေးကောင်းသွားမည်ဆိုလျှင် အမှတ်(၅၂) ရပ်ကွက်လေးသည် စည်ကားလာမည်ဖြစ်ကာ ရပ်ကွက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝ ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။ ရပ်ကွက်သူ ရပ်ကွက်သားများက အဆိုပါလမ်းလေးကို ပြုပြင်ပေးမည့်သူအား စောင့်မျှော်နေကြသည်။

နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ပြည် ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုလဲသီတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအသီးသီးသို့ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ထွေ/အုပ်)

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

မြောင်းမြ ဇူလိုင် ၁၂

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာဗဟုသုတတိုးပွားရေး ရည်ရွယ်ချက်များဖြင့် မြောင်းမြမြို့နယ် စကမြားကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ ထွန်းလင်းပညာစာကြည့်တိုက်အတွက် ပစ္စည်းနှင့်စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားသည်။ ထို့နောက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးဆွေးနွေးမှာကြားပြီး မြောင်းမြပညာရေးကောလိပ် လက်ထောက်ကထိက ဦးကျင်စိုး (မောင်လှိုင်းသစ်ချစ်စရာမြေ) က အလိမ္မာစာမှာရှိ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က စာကြည့်တိုက်အတွက် ၁၅ လက်မ LCD TV တစ်လုံးကိုလည်းကောင်း၊ မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ဦးသန်းဝင်းမိသားစုတို့က စာအုပ်စာစောင်များကိုလည်းကောင်း၊ စာကြည့်တိုက်ကော်မတီဝင် ဦးမြင့်ကျော်က ဗီရိုတစ်လုံးကိုလည်းကောင်း၊ ကျေးရွာပြည်သူများ စုပေါင်း၍ အလှူငွေကျပ် ခုနစ်သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း၊ အလှူရှင် ဦးသန်းဝင်းမိသားစုတို့က ငွေကျပ်ကိုးသိန်း စုစုပေါင်း ငွေကျပ် ၃၄ သိန်း အကုန်ကျခံဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက်ထိုသမ အစည်းအဝေးကျင်းပ

ကျိုက်ထို ဇူလိုင် ၁၂

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မွန်ပြည်နယ် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မောင်းနှင့် ပြည်နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိန်တိတ်တို့က အမှာစကားပြောကြားပြီး မြို့နယ်အသင်းစုချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဇင်ဇင်နိုင်တို့က ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းသားအသင်းသူများ၏ သားသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် သ/မ)**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးဝင်းအောင်နှင့် ဝန်ထမ်းများ ဇူလိုင် ၇ ရက်က မိုးပွင့်အဆင့်(၃)စီမံချက်အရ အုတ်တွင်းကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ်လဝက)

မြန်မာ့အလင်း

မှုခင်းသတင်း

တာချီလိတ်၌ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

တာချီလိတ် ဇူလိုင် ၁၂

ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က တာချီလိတ်မူးယစ်အဖွဲ့မှ ရဲအုပ်ဝင်းဇော် ဦးစီးသည့်ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် အားကစားရုံလမ်းသွယ်(၂)တွင် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် လွမ်းအောင်စီးနင်းလာသည့် ဟွန်ဒါဝေ့ဗ် ၁၁၀ အမျိုးအစား နက်ပြာရောင် လိုင်စင်မဲ့ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်း၏ခန္ဓာကိုယ်နောက်ပိုင်းခါးကြားတွင် စက္ကူဘူးခွံအတွင်း အပြာရောင်ပလတ်စတစ်ဖြင့် ထည့်ထားသည့် ဒဗလျူဝိုင်စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါ အိတ် ခုနစ်အိတ်၊ အပြား ၁၉၀ ပါ တစ်အိတ် စုစုပေါင်း စိတ်ကြွဆေးပြား ၁၅၉၀ ကို ဖမ်းဆီးရမိသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် လွမ်းအောင်၎င်းနေထိုင်သည့် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မိုးသောက်ကြယ်လမ်းရှိနေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းခေါင်းရင်းရှိ ကြမ်းပြင်ပေါ်တွင် အဖြူရောင်ပလတ်စတစ်ဘူးငယ်အတွင်း အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ပန်းရောင်စိတ်ကြွဆေးပြား ၁၄၀ ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

စိတ်ကြွဆေးပြား ၁၇၃၀ နှင့်အတူ ဖမ်းဆီးရရှိခဲ့သော (ဘ)ဦးသိန်းအောင်၏သား လွမ်းအောင် အသက်(၃၅)နှစ် ဆိုင်ကယ်ပွဲစားအား တာချီလိတ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (ဝဖဝ)

ရေးမြို့၌ယာဉ်ပေါ်မှပြုတ်ကျ ဒဏ်ရာရ

ရေး ဇူလိုင် ၁၂

